The Agribiz News
လယ်ယာ စီးပွား သတင်း
www.agribiznews.com.mm
e-Paper-0042
၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်





# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးကျင်းပ

နေပြည်တော်၊ စက်တင်ဘာ ၂၃

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဦးဆောင် အဖွဲ့၏ (၁/၂၀၂၅)ကြိမ်မြောက် စုံညီအစည်းအဝေးကို စက်တင်ဘာ ၂၃ ရက်နေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင် ခန်းမ၌ အစည်းအဝေးသို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်တင့်၊ ဦးဆောင်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး ပြည်နယ် ဝန်ကြီးချုပ်များ က virtual စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃)၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့် က အမှာစကားပြောကြားရာတွင် တောင်သူ လယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နှင့် ကဏ္ဍ အလိုက်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်နိုင်ရန်၊ ယနေ့အစည်းအဝေးတွင် အဖွဲ့ဝင်များ အားလုံး ဝိုင်းဝန်း ဆွေးနွေးသွားကြရန် ဖြစ်ကြောင်း၊

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အားလျော်စွာ လယ်ယာနှင့် မွေးမြူရေးကဏ္ဍအပေါ်၌ ကျေးလက်နေပြည်သူများသာမက မြို့နေပြည်သူများကပါ မှီခိုအားထားနေရကြောင်း၊ နိုင်ငံတော်၏ အမျိုးသားအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP)တွင် လယ်ယာကဏ္ဍက ၂၃ ဒသမ ၇ ရာခိုင်နှုန်း ပါဝင်နေပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ထွက်ကုန်များသည် ပြည်ပပို့ကုန်တွင်လည်း အရေးကြီးသော ပို့ကုန်များဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် အရေးကြီးသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များကို ထိရောက်စွာ မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်မှာ များစွာအရေးကြီးကြောင်း၊

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုး တိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ထိရောက်စွာ မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊

မိမိတို့ ဦးဆောင်အဖွဲ့အနေဖြင့် ဥပဒေ၏ အခန်း(၃)၊ ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသော ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များအတိုင်း တောင်သူများသီးနှံစိုက်ပျိုး ထုတ်လုပ်ရာတွင် လွတ်လပ်စွာ စိုက်ပျိုးဆောင်ရွက်နိုင်စေရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သော အရင်းအနှီး ငွေကြေး၊ နည်းပညာများကို အချိန်နှင့်တစ်ပြေးညီကူညီပံ့ပိုးပေးနိုင်ရေး၊ ပိုးသတ်ဆေး၊ မြေဩဇာ၊ မျိုးများကို အရည်အသွေးမီ သုံးစွဲနိုင်စေရေး၊ သီးနှံဈေးနှုန်းဈေးကွက် ဆိုင်ရာ သတင်းအချက်များကို တောင်သူများထံ အချိန်မီရောက်ရှိ

စာ-၂ သို့

ငါးမြစ်ချင်း စီးပွားဖြစ်မွေးမြူခြင်း
စာ-၈

ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်ဖြင့် လွယ်ကူစွာဆောင်ရွက်ခြင်း စာ-၁၆

# မြန်မာ့လယ်ယာထွက်ကုန်များတန်ဖိုးကွင်းဆက်ထောက်ပံ့ရေးမဲခေါင် – လန်ချန်း နိုင်ငံများနှင့် ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာကုန်သွယ်မှု လွယ်ကူချောမွေ့မှု မြှင့်တင်ခြင်း စီမံကိန်း၏သုတေသနရလဒ်များ မျှဝေခြင်းနှင့် စီမံကိန်းပြီးမြောက်ခြင်းအခမ်းအနားကျင်းပ






နေပြည်တော် စက်တင်ဘာ ၂၄

"မြန်မာ့လယ်ယာထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေး မဲခေါင်-လန်ချန်း နိုင်ငံများနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာကုန်သွယ်မှု လွယ်ကူချောမွေ့မှုမြှင့်တင်ခြင်း စီမံကိန်း" ၏ သုတေသနရလဒ်များမျှဝေခြင်းနှင့် စီမံကိန်းပြီးမြောက်ခြင်းအခမ်းအနားကို စက်တင်ဘာ၂၄ ရက်နေ့ နံနက်ပိုင်းက နေပြည်တော် ဟိုတယ်ဇုန်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး က အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ စသည့် အစီအစဉ်များ ဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးရေးထွက်ကုန်များ ပို့ကုန်မြှင့်တင်ရာတွင် ကုန်ကြမ်းများ လုံလောက်စွာရရှိရေးအတွက် နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်စီမံကိန်းများ၊ သီးနှံများ သတ်မှတ်ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိစေရေးအတွက် တွန်းအားပေးဆောင်ရွက်ခြင်း၊ Export Zone များ ဖော်ဆောင်နိုင်ရေးနှင့် မျိုးစေ့လုံလောက်စွာ ထုတ်လုပ်နိုင်ရေးဆောင်ရွက်ခြင်း စသည့် နိုင်ငံအဆင့်စီမံကိန်းများကို နိုင်ငံတော်ဘဏ္ဍာငွေများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊

နိုင်ငံတော်ကချမှတ်ထားသည့် ပို့ကုန် ၂ ဆ မြှင့်တင်ရေး လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးရေးဆိုင်ရာကုန်သွယ်မှုလွယ်ကူ ချောမွေ့မှုမြှင့်တင်ခြင်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်းစဉ်များ၌ ပို့ကုန်အလားအလာအရှိဆုံး သီးနှံများဖြစ်သည့် ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်း၊ ဖရဲ၊ ရေထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်သုတေသနလေ့လာခြင်း အပါအဝင် ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရေးနှင့် ဆက်စပ်လုပ်ငန်းများထည့်သွင်း ရေးဆွဲထားသည့် ယခုစီမံကိန်းအတွက် ရန်ပုံငွေပေးသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (နိုင်ငံခြားရေးဝန်ကြီးဌာန) နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ၊ UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များ၊ တရုတ်နိုင်ငံ တက်ဟုန်းကုန်သည်ကြီးများအသင်း၊ ဆန်စပါး ၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်း၊ ဖရဲ၊ ရေထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်သုတေသနနှင့် ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရေးဆိုင်ရာ သုတေသနတွေ့ရှိချက်များအပေါ် လေ့လာအကဲဖြတ်ခြင်းနှင့် မူဝါဒအကြံပြုချက်များကို လေ့လာပြုစုရေးသားခဲ့ကြသော ပညာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာကြည် က စီမံကိန်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ခဲ့သော သုတေသနများ၏ အနှစ်ချုပ်ကို တင်ပြသည်။

၎င်းနောက် ဒုတိယဝန်ကြီးများက ဆန်စပါး ၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်း၊ ဖရဲ၊ ရေထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပို့ကုန် အလားအလာသုတေသနလေ့လာခြင်း စာအုပ်များကိုပေးအပ်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံး ၊ UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက လက်ခံ ရယူခဲ့ကြသည်။

စာ -၄ သို့

မျက်နှာဖုံးမှ-

စေရေး၊ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသည့် ဈေးနှုန်းရရှိစေရေး၊ ကုန်သွယ်ဖက်နိုင်ငံများ မှ တင်သွင်းခွင့် ခွဲတမ်းများ စဉ်ဆက်မပြတ် ရရှိစေရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် ပေါင်းစပ် ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးပေးကြရန် ဆွေးနွေး မှာကြားသည်။

ထို့နောက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးတွင် အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် က တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဦးဆောင်အဖွဲ့ ၏ လုပ်ငန်းတာဝန်များနှင့် ဦးဆောင်အဖွဲ့ အစည်းအဝေး (၁/၂၀၂၃)၏ ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ နေကြာသီးနှံတိုးချဲ့ စိုက်ပျိုးရေး၊ ဝါ ၊ ရော်ဘာ ၊ ဆီအုန်း သီးနှံများ အထွက်နှုန်းတိုးတက်ရေးအပါအဝင် ကိုကိုး၊ ကော်ဖီတိုးချဲ့စိုက်ပျိုးရေး အတွက် တိုင်းဒေသကြီး ပြည်နယ် အစိုးအဖွဲ့များက ကြိုးကြပ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးဆောင်အဖွဲ့ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီ ဥက္ကဋ္ဌ နှင့် တိုင်းဒေသကြီး ပြည်နယ် ဝန်ကြီးချုပ်များ၊ တွဲဘက်အတွင်းရေးမှူး ဒုတိယဝန်ကြီးများ၊ အသင်းအဖွဲ့များ မှ ဥက္ကဋ္ဌများ၊ ပညာရှင်များက သက်ဆိုင်ရာကဏ္ဍများ အလိုက် တင်ပြဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး အစည်းအဝေး(၁/၂၀၂၅)တွင် သီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီရေး၊ ပြည်ပပို့ကုန် ဈေးကွက်ဝင်သီးနှံများ ပိုမိုတင်ပို့နိုင်ရေးနှင့် အရည်အသွေး ကောင်းမွန်စေရေးတို့ အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices- GAP) စံချိန်စံညွှန်းများနှင့်အညီ တိုးတက်စိုက်ပျိုး ထုတ်လုပ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

MOALI

# ၂၀၂၅ ခုနှစ် အောက်တိုဘာ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၆ ရက်အတွင်းမြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာ ၇ ရက်မှ ၁၂ ရက်အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ၁၄ ရက်မှ ၂၀ ရက်ခန့်နှင့် နေပြည်တော်၊မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၈ ရက်မှ ၁၃ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## မြစ်ရေအခြေအနေ

၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ဧဒ္ဓဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့်မဒေါက်မြို့တွင် တစ်ကြိမ်ခန့်စီ၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင်တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေ သည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်း မြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

# ဧပြီလမှ ဩဂုတ်လအထိ မြန်မာ့ငါး တန်ချိန် ၁ သိန်း တင်ပို့

ဧပြီ ၁ ရက်နေ့မှ စတင်၍ လက်ရှိ ဘဏ္ဍာရေးနှစ် ၂၀၂၅ -၂၀၂၆ ၏ လွန်ခဲ့သော ၅ လ အတွင်း အမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၈၅ သန်း တန်ဖိုးရှိ ငါး မက်ထရစ်တန်ချိန် တစ်သိန်းကျော် တင်ပို့ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံသည် ပင်လယ်ရေကြောင်းလမ်းမှ ခန့်မှန်း အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၅ သန်း တန်ဖိုးရှိသော ငါးတန်ချိန် ၅၇,၈၀၀ ကျော် တင်ပို့ခဲ့သည်။ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၃ သန်းတန်ဖိုးရှိ ငါး မက်ထရစ်တန် ၅၀,၉၀၀ ကျော်ကို နယ်စပ်လမ်းကြောင်းမှတစ်ဆင့် အိမ်နီးချင်း နိုင်ငံများသို့ တင်ပို့ခဲ့သည်။ ယခင်၂၀၂၄-၂၀၂၅ (ဧပြီ - မတ်) ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၂၁ သန်းတန်ဖိုး ရှိသော ငါးတန်ချိန် ၄၀၀၀၀၀ ခန့် တင်ပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်အပါအဝင် နိုင်ငံပေါင်း ၄၀ သို့ ရေထွက်ပစ္စည်းများကို ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် တင်ပို့လျက်ရှိသည်။ လွန်ခဲ့သော ၅ လအတွင်း မြန်မာ့ရေထွက်ကုန်တင်ပို့မှုသည် မက်ထရစ်တန်ချိန် ၁၅၃,၉၀၀ ကျော်လွန်ခဲ့သည်။ ငါးသလောက်၊ ငါးခူ၊ ကကတစ်ငါး၊ ပင်လယ်ငါးရှဥ့်၊ ပုစွန်နှင့် ကဏန်း အပါအဝင် ရေထွက် ပစ္စည်းများကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရ သည်။ ငါးအအေးခန်းသိုလှောင်ရုံ ၁၄၀ ကျော်ရှိပြီး ဌာနမှလည်း နှစ်စဉ် လိုင်စင်သက်တမ်း တိုးပေး နေကြောင်း သိရှိရသည်။

ဥမ္မာထွန်း

https://www.gnlm.com.mm/myanmars-fish-exports-top-100000-tonnes-from-apr-to-aug/#article-title



Agribiz News www.agribiznews.com.mm
agribiznews.com.mm
Agribiz Mobile Application

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

ထုတ်ဝေသူ
ဒေါက်တာအောင်ဇံထွေး(မြ-၀၀၄၁၀)

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

လိပ်စာ
ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ နေပြည်တော်

ဖုန်း ၀၆၇ ၃၄၁၀၁၄၂

# မဟာချက်ကရီသီရိန္ဒုံ စီမံကိန်းမှ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ သင်ကြားရေးနှင့် ရုံးလုပ်ငန်းပစ္စည်းကိရိယာများလှူဒါန်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၅

**ထိုင်း**နိုင်ငံ တော်ဝင်မင်းသမီးကြီး မဟာချက်ကရီသီရိဒ္ဒုံ စီမံကိန်းမှ သင်ကြားရေးနှင့် ရုံးလုပ်ငန်း ပစ္စည်းကိရိယာများ လှူဒါန်းပေးအပ်ခြင်းအခမ်းအနား ကို စက်တင်ဘာ ၂၅ ရက် နေ့လယ်ပိုင်းတွင် ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ် ရာပြည့်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာမုံခွန်းဝိစစ်စတန် H.E.Mr.Mongkol Visitstump နှင့် သံရုံးတာဝန်ရှိသူများ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က နှုတ်ခွန်းဆက်စကား ပြောကြားရာ၌ ပညာရေးဆိုသည်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက်အခြေခံ အုတ်မြစ်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အင်အားပြင်းငလျင်ဒဏ်ကြောင့် စိုက်ပျိုးရေးတက္ကသိုလ်၏ ပညာရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် လိုအပ်သည်များ ကူညီပေးနိုင်ရန် ကမ်းလှမ်းပေးခဲ့သည့် ထိုင်းနိုင်ငံ သံရုံးနှင့် တော်ဝင်မင်းသမီးကြီး မဟာချက်ကရီသီရိဒ္ဒုံအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ တော်ဝင်မင်းသမီးကြီး မဟာချက်ကရီသီရိဒ္ဒုံ စီမံကိန်းမှ တာဝန်ရှိသူများက သင်ကြားရေးသုံးပစ္စည်းကိရိယာများပေးအပ်ရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်က လက်ခံရယူသည်။ ဆက်လက်၍ ပါမောက္ခချုပ်က ထိုင်းနိုင်ငံ တော်ဝင်မင်း သမီးကြီးအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

မတ် ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဒဏ်ကြောင့် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၏ အဆောက်အဦအချို့ ထိခိုက်ပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင် မွမ်းမံစဉ်ကာလတွင် ထိုင်းနိုင်ငံ တော်ဝင်မင်းသမီးကြီး မဟာချက်ကရီသီရိဒ္ဒုံ စီမံကိန်းမှ ကွန်ပျူတာ များ၊ ပရိုဂျက်တာများ၊ ပရင်တာများ၊ လေအေးပေးစက်များ၊ မိတ္တူကူးစက်များနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ခြင်းကြောင့် တက္ကသိုလ်၏ ပညာရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေး နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် များစွာ အထောက်အကူ ဖြစ်စေကြောင်း သတင်းရရှိသည်။

MOALI

## တပ်ကုန်းမြို့နယ်ကြံစိုက်ခင်းများအား ပညာရှင်များ၊ ဝန်ထမ်းများ ပူးပေါင်းကွင်းဆင်း

တပ်ကုန်း၊ စက်တင်ဘာ ၁၆

**နေ**ပြည်တော် တပ်ကုန်းမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ်တွင်း ကြံဧရိယာ ၈၉၄ ဧကစိုက်ပျိုးထားလျက်ရှိရာ ပျဉ်းမနားစိုက်ပျိုးရေးသုတေသန (ကြံခြံ)မှ ခြံတာဝန်ခံ ဒေါက်တာအိအိခိုင် ဦးဆောင်သည့် အဖွဲ့နှင့် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်း ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ရက် မွန်းလွဲပိုင်းက ထုံးဘိုကျေးရွာ၊ တောင်သူ ဦးမြဝင်း၊ ကွင်းအမှတ် ၁၃၇၂၊ ကြံစိုက်ဧက ၁၀၀ ခန့်တွင် ပိုးမွှားရောဂါ ကျရောက်မှု ရှိ/မရှိအခြေအနေအား ကွင်းဆင်းပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကြံစိုက်ခင်းများအား ကွင်းဆင်းပညာပေးဆောင်ရွက်ရာတွင် စီးပွားထိခိုက်မှုအဆင့် (Economic Threshold Level) အဆင့်ထိ ကျရောက်မှု မတွေ့ရှိရဘဲ ဖျက်ပိုးအနည်းငယ်သာ တွေ့ရှိရသည့်အတွက် ကြံစိုက်ပျိုးသည့် တောင်သူများအား ကြံရွက်ချခြင်း၊ ပေါင်းရှင်းခြင်း လုပ်ငန်းများဆောင်ရွက်ရန်၊ သတ်မှတ်နှုန်းထားနှင့်အညီ ပိုးသတ်ဆေးစနစ်တကျ သုံးစွဲနိုင်ရေး ကွင်းဆင်းပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

■

စာ-၂ မှ-

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်မှုအထူးရန်ပုံငွေမှ ၂၀၁၇ ခုနှစ်မှ စတင်၍ ၂၀၂၅ ခုနှစ်အထိ စီမံကိန်း ၄၂ ခုအား အကောင်အထည်ဖော်ရန် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁၄ ဒသမ ၁၁သန်းခန့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

MOALI





# မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က အဖွဲ့ဝင်များအား ဆန်ဝယ်ယူထားရှိရန်တိုက်တွန်း

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှအသင်းဝင်များဖြစ်သော ပို့ကုန်လုပ်ငန်းရှင်များ အား ဆန်နှင့် စပါးများ ဆက်လက်ဝယ်ယူရန်နှင့် အပတ်စဉ်စာရင်းကို မြန်မာနိုင်ငံ ဆန်စပါးအသင်း ချုပ် (MRF) သို့ ပေးပို့ ရန် တောင်းဆိုထားသည်။

ယခုနှစ်တွင် အစောပိုင်းရင့်မှည့်သည့် စပါးများစတင် ရိတ်သိမ်း ထွက်ရှိ နေပြီဖြစ်သည်။ သို့သော်လည်း စပါးနှင့် စပါးဝယ်လိုအား ကျဆင်းနေသဖြင့် တောင်သူများ၏ စိုးရိမ်မှု မြင့်တက်လာသည်။ အဖွဲ့ချုပ်၏ ထုတ်ပြန်ချက်တွင် လယ်ယာလုပ်ငန်းဝင်ငွေဆုံးရှုံးမှု ဖြစ်နိုင်ချေအသီးသီးကို လေ့လာသုံးသပ် ခွဲခြမ်းစိတ်ဖြာထားသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) ၏ အစီရင်ခံစာအရ ၂၀၂၅-၂၀၂၆ ခုနှစ်၏ လက်ရှိဘဏ္ဍာရေးနှစ် ဧပြီမှ ဩဂုတ်အတွင်း လစဉ် ဆန်တန်ချိန် ၂၀၀,၀၀၀ ခန့် တင်ပို့ထားကြောင်း သိရသည်။ အဖွဲ့ချုပ် သည် စက်တင်ဘာတွင် နိုင်ငံတကာဈေးကွက်သို့ ဆန်တန်ချိန် ၂၀၀,၀၀၀ တင်ပို့ရန် ရည်မှန်းထားသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် သည် အောက်တိုဘာမှ စတင်၍ ၂၀၂၆ ခုနှစ် မတ်အထိ တစ်လလျှင် တန်ချိန် ၃၀၀,၀၀၀ သို့ ပို့ကုန်ပမာဏ မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

MRF သည် ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံတို့ကဲ့သို့ အိမ်နီးချင်းနိုင်ငံများကို ဦးစားပေး အစီအစဉ်ချမှတ် လုပ်ဆောင်နေပါသည်။ ပြီးခဲ့သည့်လက ကမ္ဘာ့ဆန်ဈေးနှုန်းများ သိသိသာသာ ကျဆင်းသွားသော်လည်း ဆန်ဈေးကျရန် မဖြစ်နိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များက သုံးသပ် ထောက်ပြကြသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) သည် ပို့ကုန်ကုမ္ပဏီများအား ဒေသအသီးသီးရှိ ပွဲစားများ၊ ကုန်သည်များနှင့် ချိတ်ဆက်ကာ ဆန်ဝယ်ယူမှုများ ဆက်လက်လုပ်ဆောင်ရန် တောင်းဆိုထားသည်။ ကုန်စည်ပို့ဆောင်ခြင်း၊ ဆန်ကြိတ်ခွဲခြင်းနှင့် ပို့ကုန်ဈေးကွက်များတွင် အဆင်မပြေမှုများ ရှိပါက MRF သို့ ဆက်သွယ်နိုင်ပြီး လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို export@mif.com.mm မှတစ်ဆင့် သောကြာနေ့တိုင်း MRF သို့ ပေးပို့နိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) ၏ အသိပေးချက်တွင် ဖော်ပြထားကြောင်းသိရှိရသည်။

**အေးအေးခိုင်**

https://www.gnlm.com.mm/mrf-urges-members-to-keep-buying-rice/

# တရုတ်ပျားရည်ကျွဲကော ခူးဆွတ်ချိန်တွင် အထွက်နှုန်းမြင့်မားနေ

၂၀၂၅ ခုနှစ်၏ ပျားရည်ကျွဲကော ခူးဆွတ်ချိန်ကာလဖြစ်ပြီး အထွက်နှုန်းနှင့် အသီး အရည် အသွေးနှစ်မျိုးစလုံး တိုးတက်မှုရှိကြောင်း အစီရင်ခံတင်ပြထားသည်။ ဈေးနှုန်းများသည် တည်ငြိမ် လျက်ရှိပြီး ယခု ရာသီတွင် ဝယ်သူများနှင့် တင်ပို့သူများအတွက် အဆင်ပြေသော အခြေအနေ များကို ဖန်တီးပေးလျက်ရှိပါသည်။

အဓိက စိုက်ပျိုးထုတ်လုပ်သော ဒေသများရှိ ရာသီဥတုအခြေအနေများသည် အသီးအနှံ များကောင်းစွာဖြစ်ထွန်းမှုကို ပံ့ပိုးပေးလျက်ရှိပါသည်။ ဥရောပဈေးကွက်ကြိုက်နှစ်သက်မှုရှိသည့် အရွယ်အစားသေးငယ်သော ပျားရည်ကျွဲကောများရရှိနိုင်မှုမှာ ယခုနှစ်တွင် ပိုမိုထွက်ရှိလာကြောင်း စက်မှုလုပ်ငန်းသတင်းရင်းမြစ်များက မှတ်ချက်ပြုခဲ့သည်။

တည်ငြိမ်သောဈေးနှုန်းများနှင့် ကောင်းမွန်သောရာသီဥတုကြောင့် ကုန်သွယ်မှုအတွက် များစွာထိရောက်မှုရှိသည်ဟု ယူဆရပါသည်။ ဥရောပနိုင်ငံများသည် တရုတ်ကျွဲကောသီးကို အဓိကတင်ပို့သည့် ဈေးကွက်ဖြစ်သည်။ အကောက်ခွန် အချက်အလက်များအရ ၂၀၂၅ ခုနှစ် ဇူလိုင်တွင် ပို့ကုန်များ မြင့်တက်လာကြောင်း ပြသနေသည်။

နယ်သာလန်တွင် ဂရိတ်ဖရုသီးနှင့် ကျွဲကောသီး တင်ပို့မှု ပမာဏမှာ ၂၀၂၄ ခုနှစ် ဇူလိုင်နှင့် နှိုင်းယှဉ်ပါက ၃၀၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ပို့ကုန်တန်ဖိုးမှာ တစ်နှစ်ထက်တစ်နှစ် ၉၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

Zhangzhou တွင် လည်ပတ်လှုပ်ရှားနေသော Onedayone ကုမ္ပဏီ သည် အရည်အသွေးမြင့် ပျားရည်ကျွဲကော ဝယ်လိုအားများ များစွာရရှိထားပါသည်။ အထွေထွေမန်နေဂျာ Lan Bilong မှ ကုမ္ပဏီသည် အသီးအရွယ်အစား၊ အသွင်အပြင်၊ ချိုမြိန်မှုနှင့် အခွံအထူအပါးပေါ်အခြေခံ သည့် တင်းကြပ်သော ရွေးချယ်မှု စံနှုန်းများကို ကျင့်သုံးကြောင်း ရှင်းပြခဲ့သည်။

ဤသတ်မှတ်ချက်များနှင့် ကိုက်ညီသော သစ်သီးများကိုသာ ကုမ္ပဏီအမှတ်တံဆိပ်ဖြင့် ထုတ်ပိုးထားပါသည်။ ကုမ္ပဏီသည် ထုပ်ပိုးရာတွင် အဆင်ဆန်းများဖြင့် အလှဆင်ထားသည့် ထုပ်ပိုးမှုပုံစံမှဖောက်ထွင်းမြင်ရသော ထုပ်ပိုးမှုပုံစံအဖြစ်သို့



ပြောင်းလဲခဲ့သည်။ ဤပြောင်းလဲမှုသည် သစ်သီး၏အသွင်အပြင်ကို တိုက်ရိုက် စစ်ဆေးနိုင်စေပြီး စားသုံးသူများ မဝယ်ယူမီ သစ်သီးအခွံကို ကြည့်ရှုနိုင်စေပါသည်။

ကုမ္ပဏီ၏ အဆိုအရ ဤဆောင်ရွက်မှုသည် အရည်အသွေး ထိန်းချုပ်မှုကို ပိုမိုတည်ငြိမ်စေပြီး အရည်အသွေး ကွဲပြားမှုနှင့်ပတ်သက်သော တိုင်ကြားချက်များကို လျှော့ချပေးနိုင်ပါသည်။ ပို့ကုန် ဝယ်လိုအားမြင့်တက်လာခြင်းနှင့် ပြည်တွင်းရောင်းချမှု အားကောင်းလာခြင်းတို့ကြောင့် ၂၀၂၅ ခုနှစ် ပျားရည်ကျွဲကောရာသီသည် စိုက်ပျိုးသူများနှင့် တင်ပို့သူများအတွက် အပြုသဘောဆောင်သည့် တိုးတက် ဖွံ့ဖြိုးမှုဖြစ်စေလာကြောင်း သိရှိရသည်။

**ဖုန်းမြတ်ဝင်းမောင်မောင်**

https://www.freshplaza.com/asia/article/9766411/chinese-honey-pomelo-harvest-shows-higher-yields/

# ဆီစက်လုပ်ငန်းရှင်များအား ဆီကြိတ်ဖတ်ဈေးနှုန်းများ မြင့်တက်ခြင်းမပြုရန် တိုက်တွန်း

မြန်မာနိုင်ငံ စားသုံးဆီစက်လုပ်ငန်း ရှင်များအသင်းမှ ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ဆီကြိတ်ဖတ်ဈေးနှုန်းများ မြင့်တက်စေရန် ရည်ရွယ်၍ သိုလှောင်ခြင်းမပြုရန် တောင်းဆိုထား သည်။

စက်တင်ဘာ ၁၈ ရက်စွဲဖြင့် မြန်မာနိုင်ငံစားသုံးဆီစက်လုပ်ငန်းရှင် များအသင်း၏ ထုတ်ပြန် ချက်အရ ပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ပန်းနှမ်းနှင့် ပဲပုပ် တို့မှဆီထုတ်ယူပြီးနောက် ရရှိသော ကြိတ်ဖတ်များသည် မွေးမြူရေးကဏ္ဍအတွက် တိရစ္ဆာန်အစာများ ပြုလုပ်ရာတွင် အဓိက ပါဝင်ပစ္စည်းများဖြစ်သည်။

ဆီကြိတ်ဖတ်ဈေးများ ဈေးကွက်အတွင်း တဖြည်းဖြည်းမြင့်တက်လာခြင်းကြောင့် အကျိုးဆက်အနေဖြင့် ကြက်ဥ၊ အသားနှင့် ငါးဈေးများ ကြီးမြင့်လာသည်။ ကြီးထွားလာသော တိရစ္ဆာန် အစားအစာ လိုအပ် ချက်ကို ဖြည့်ဆည်းရန် ပဲပုပ်ကို တင်သွင်းရန် လိုအပ်လာပါသည်။

ထို့ကြောင့် ဆီစက်လုပ်ငန်းရှင်များသည် ဈေးကွက်ကို ကစားရန်နှင့် ဈေးနှုန်းတက်စေရန် ရည်ရွယ်၍ ဆီကြိတ်ဖတ်များကို သိုလှောင်ခြင်းမပြုရန် တောင်းဆိုခဲ့ကြောင်း သိရှိရသည်။

**ဥမ္မာထွန်း**

https://www.gnlm.com.mm/meoma-urges-millers-not-to-hoard-oilseed-cake-to-raise-prices/

# ဈေးကွက်သစ် ၂ ခုသို့ လောင်ဂန်သီးတင်ပို့မှု ထိုင်းနိုင်ငံ တိုးချဲ့လျက်ရှိ

**ထိုင်း**နိုင်ငံ၏ Platinum Fruit သစ်သီးကုမ္ပဏီ သည် ဗြိတိန်နှင့် နယ်သာလန်နိုင်ငံတို့ကို ပစ်မှတ်ထားပြီး ဥရောပသို့ လတ်ဆတ်သော လောင်ဂန်သီးတင်ပို့မှု တိုးချဲ့ ရန် ပြင်ဆင်နေသည်။ ကုမ္ပဏီသည် ၎င်း၏ ဒူးရင်းဈေးကွက်ကို တရုတ်နိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ မြောက်ပိုင်းသို့ တိုးချဲ့ ရောင်းချရန် ညှိနှိုင်းနေပြီး ဒူးရင်းနှင့် ကောက်ညှင်းရောစပ်ထားသည့် ထုတ်ကုန် အသစ်နှင့် မိတ်ဆက်ရန် အဆင်သင့် ဖြစ်နေပြီဖြစ်သည်။

အမှုဆောင်အရာရှိချုပ် Natthakrit Eiamsakul က ဟောင်ကောင်တွင် Asia Fruit Logistica 2025 တွင် အစီအစဉ်များကို အတည်ပြုခဲ့သည်။ ထိုင်းနိုင်ငံမှ သစ်သီးဝလံများဖြစ်သော အထူးသဖြင့် ဒူးရင်းနှင့်လောင်ဂန်သီးသည် နိုင်ငံတကာ ဝယ်လက်များ အလိုချင်ဆုံးထဲတွင် ဆက်လက်ပါ ဝင်နေကြောင်း သူက မှတ်ချက်ပြုပြောသည်။

ဥရောပဈေးကွက်များတွင် ယူကေနှင့် နယ်သာလန်ကဲ့သို့သော နိုင်ငံများက စိတ်ဝင်စားမှု တိုးမြင့်လာမှုကြောင့် လတ်ဆတ်သော လောင်ဂန်သီးအတွဲများကို သတိပြုမိလာကြသည်။



"အရင်တုန်းကတော့ တချို့နိုင်ငံတွေက ၎င်းသစ်သီးများအကြောင်း မသိတာ သို့မဟုတ် တစ်ခါမှ မမြည်းစမ်းဖူးပေမယ့် ကျွန်တော်တို့ ခင်းကျင်းပြသထားတဲ့ ပရီမီယံအဆင့် လတ်ဆတ်တဲ့ လောင်ဂန်သီးကို မြည်းစမ်းကြည့်တော့ အရသာကို ကြိုက်ကြတယ်" ဟု Eiamsakul က ပြောသည်။

"သယ်ယူပို့ဆောင်ရေး ကန့်သတ်ချက်များလျှော့ချပေးခြင်းဖြင့် အသီး၏ သက်တမ်းကို ကူညီ ပေးနိုင်သည်" ဟု သူက ဆက်လက်ပြောသည်။

လောင်ဂန်သီးသည် အိန္ဒိယနိုင်ငံတွင်လည်း ၎င်း၏ ဖောက်သည်များကို တိုးချဲ့လျက်ရှိပြီး အသေးစိတ်အချက်အလက်များကို အပြီးသတ်နေဆဲဖြစ် သည်။ ကုမ္ပဏီ၏ အဓိက လောင်ဂန်သီးဈေးကွက်မှာ အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံတို့တွင် ကျန်ရှိနေဆဲဖြစ်သည်။

အဆင်သင့်စားသုံးနိုင်သော ထုတ်ကုန်သည် ဥရောပကုန်သည်များထံမှ အာရုံစူးစိုက်မှုကို ရရှိခဲ့သည်။ ကုမ္ပဏီသည် GAP နှင့် Global GAP စံနှုန်းများနှင့် ကိုက်ညီသော သစ်သီး ခြံရင်းမြစ် များမှ အသီးအနှံများကို ရယူကာ ထောက်ပံ့ရေးကွင်းဆက်တစ်လျှောက် အရည်အသွေး ထိန်းသိမ်း ရန် အအေးပေးကွင်းဆက်သယ်ယူပို့ဆောင်ရေးတွင် ရင်းနှီးမြှုပ်နှံထားသည်။

လောင်ဂန်သီးကို လက်ရှိတွင် တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ နယူးဇီလန်နှင့် ဗြိတိန် နိုင်ငံတို့ ကိုတင်ပို့လျက်ရှိကြောင်း သိရှိရသည်။

**ဖုန်းမြတ်ဝင်းမောင်မောင်**

https://www.freshplaza.com/asia/article/9764695/thailand-expands-longan-exports-to-2-new-markets/

# အင်ဒိုနီးရှား၏ နိုင်ငံစီးပွားရေးတွင် မွေးမြူရေးကဏ္ဍ ပိုမိုခိုင်မာလျက်ရှိ

**မွေး**မြူရေးကဏ္ဍခွဲသည် အင်ဒိုနီးရှားနိုင်ငံ၏စီးပွားရေးတွင် အရေးပါသော အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်ခဲ့ပြီး၂၀၂၄ ခုနှစ် ပြည်တွင်းစုစုပေါင်းထုတ်လုပ်မှုတန်ဖိုး (GDP) အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၃ ဘီလီယံတွင် စိုက်ပျိုးရေးကဏ္ဍမှ စုစုပေါင်း GDP ၏ ၁၂ ဒသမ ၅၄ ရာခိုင်နှုန်း ပါဝင်သည်။ ဥထုတ်လုပ်မှုသည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇ ဘီလီယံဖြင့် ထိပ်ဆုံးနေရာတွင်ရှိပြီး၊ ကြက်သားသည် ၈ ဒသမ ၈ ဘီလီယံ၊ အမဲသား ၄ ဒသမ ၇ ဘီလီယံ၊ နို့သစ် ၁ ဒသမ ၂ ဘီလီယံ အသီးသီးဖြစ်ကြသည်။

အင်ဒိုနီးရှားသည် ကြက်သား ၃ ဒသမ ၈၄ သန်းနှင့် ဥ ၆ ဒသမ ၃ သန်းအပါအဝင် ကုန်စည်အမျိုးအစားအချို့ ထုတ်လုပ်မှုတွင် အပိုအလျှံ ရှိခဲ့ပြီး နိုင်ငံ၏ ပြည်တွင်းလိုအပ်ချက်ပမာဏထက်ကျော်လွန်ခဲ့သည်။ ၎င်းသည် စိုက်ပျိုးရေးကဏ္ဍ၏ နိုင်ငံတွင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သည့်စွမ်းရည်နှင့် ကုန်သွယ်မှုအခွင့်အလမ်းများဖန်တီးနိုင်သည့် စွမ်းရည်ကို ဖော်ပြလျက်ရှိသည်။

ကုန်ပစ္စည်း ပြည်ပတင်ပို့မှုစွမ်းဆောင်ရည်သည်လည်း ထင်ရှားစွာ တိုးတက်လာသည်။ အင်ဒိုနီးရှားအမျိုးသားစာရင်းအင်းဦးစီးဌာန၏ အချက်အလက်များအရ၊ ၂၀၂၅ ခုနှစ် ဇွန်လအထိ မွေးမြူရေး ထုတ်ကုန်ပစ္စည်းတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၆၈၈ သန်းရှိခဲ့ပြီး၊ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ၆ ဒသမ ၀၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ တင်ပို့မှုအရွယ် ပမာဏသည် ပိုမိုမြန်ဆန်စွာ တိုးတက်ခဲ့ပြီး၊ ၂၇၈,၆၀၀ တန်အထိ ၂၅ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ၎င်းသည် ကမ္ဘာ့ဈေးကွက်တွင် စိုက်ပျိုး မွေးမြူရေး ကဏ္ဍ ၏ အရေးပါမှုတိုးမြင့်လာခြင်းကို ဖော်ညွှန်းလျက်ရှိကြောင်း သိရသည်။

**TTP**

www.asianagribiz.com



စာ- ၁၄ မှ

သွန်ဖြူ၊ ငရုတ်ကောင်း မညက်တညက် ထောင်းနှင့်အတူ ငါးပိစိမ်းစားခပ်ကာ ဟင်းရည်ကျအောင် တည်ပါ။ ပြီးလျှင် မထူ မပါးလှီးထားသော မျောက်ဥကို ခပ်ပြီး ပွက်ပွက်ဆူအောင်တည်ပေးပါ။ ဟင်းအိုးဆူလျှင် ပင်စိမ်းရွက်များများ အုပ်ပါ။ အပေါ့အငံအရသာညှိပြီးလျှင် ပင်စိမ်းနံ့သင်းသော အနည်းငယ်ချွဲသော မျောက်ဥဟင်းချိုရည်လေး ရရှိနိုင်၏။ ငါးပိထောင်းစပ်စပ် ရောက်ရည်ညှစ်/ ငါးချဉ်/ပုစွန်ချဉ်သုပ်/ ရောက်သီးသုပ်တို့နှင့် လိုက်ဖက်ညီလှပေ၏။

- မျောက်ဥကို ခြစ်ပြီး အုန်းနို့၊ ဆား၊ သကြားတို့နှင့် ရောကာ ရေနွေးငွေ့နှင့်ပေါင်းပြီး ခြစ်ထားသောအုန်းသီးဖတ်များ၊ နှမ်းလှော်လေးများနှင့် ရောကာ မျောက်ဥပေါင်းလည်း လုပ်စားနိုင်သကဲ့သို့ အခြားသော အချိုပွဲများလည်း ပြုလုပ် စားသုံးနိုင်၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် မျောက်ဥပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

**ကြေးမုံငယ်**



# အီကွေဒေါတွင် ငှက်ပျောဈေးနှုန်း မြင့်တက်မှုကြောင့် အိန္ဒိယငှက်ပျော ဝယ်လိုအား တိုးမြင့်လာ

**အိ**န္ဒိယမှ ငှက်ပျောသီးတင်ပို့မှုသည် ပြန်လည်ကောင်းမွန်လာမည့် လက္ခဏာများ ပြသနေကြောင်း ကုန်စိမ်း ထုတ်ကုန်တင်ပို့သူ Faina Universal Co မှ Amir Karimi က ပြောကြားသည်။ အများဆုံးပမာဏထိ မရောက်သေးသော်လည်း ဂျော်ဒန်နိုင်ငံအပါအဝင် အရှေ့အလယ်ပိုင်းဒေသသို့ ဆက်လက်တင်ပို့နေသော ပို့ကုန်ပမာဏမှာ တည်ငြိမ်နေဆဲပါပဲဟု Karimi ကဆိုသည်။ Karimi သည် လက်ရှိတွင် အီကွေဒေါနှင့် ဖိလစ်ပိုင်ငှက်ပျောသီးများ ကြီးစိုးထားသည့် အိမ်နီးချင်း ဈေးကွက်အသစ်များသို့ တိုးချဲ့ရန် ဆောင်ရွက်နေပါသည်။

Karimi က ထုတ်လုပ်မှုပမာဏ တည်ငြိမ်သော်လည်း ပို့ကုန်အရည်အသွေးမြှင့်တင်ရေးတွင် ငှက်ပျောသီးများကို ဦးစားပေးလုပ်ဆောင်ရန် ကျန်ရှိနေသေးကြောင်း၊ ထုတ်လုပ်မှုက ပြဿနာမဟုတ်ဘဲ ပို့ကုန်ဈေးကွက်၏ စံချိန်စံညွှန်းများနှင့် ကိုက်ညီရေးသာ အဓိကပြဿနာ ဖြစ်သည်ဟု ၎င်းက ရှင်းပြသည်။ Faina Universal သည် စိုက်ပျိုးရေးဆိုင်ရာ ဆွေးနွေးပွဲများ၊ ပိုးသတ်ဆေး ထောက်ပံ့မှုနှင့် EU ဈေးကွက်သို့ ခေတ်ကြွင်းများ ကင်းစင်သော ငှက်ပျောသီးများ ပို့ဆောင်ရန် ကြိုးပမ်းမှုများဖြင့် တောင်သူများကို ပံ့ပိုးပေးနေကြောင်း၊ လယ်သမားများသည် အစိုးရအစုအဖွဲ့ အစီအစဉ်များနှင့် tissue-culture နည်းဖြင့် စိုက်ပျိုးခြင်းမှတစ်ဆင့် ရာသီဥတုဒဏ်ခံနိုင်သော မျိုးကွဲများနှင့် ပိုမိုကောင်းမွန်သော နည်းပညာများကို စမ်းသပ်နေကြကြောင်း ပြောကြားခဲ့ပါသည်။

သို့သော်လည်း ရာသီဥတုနှင့်ဆိုင်သောစိန်ခေါ်မှုများ ဆက်လက်ရှိနေပါသည်။ ဩဂုတ်နှင့် စက်တင်ဘာလများတွင် Maharashtra တစ်ခွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သီးနှံများပျက်စီး ခြင်းနှင့် သယ်ယူပို့ဆောင်ရေး နှောင့်နှေးစေကြောင်း Karimi ကပြောကြားခဲ့ပါသည်။ မိုးသည်းထန် စွာရွာသွန်းမှုကြောင့် စိုက်ပျိုးမြေများ ပျက်စီးခဲ့ရပြီး စိုက်ကွင်းမှ ပြုပြင်ထုတ်ပိုးရေး ဂိုဒေါင်သို့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရသည်။ ထို့ကြောင့် ထုတ်လုပ်မှု လျော့နည်းခဲ့ရပြီး ပယ်သီးများ များစွာဖြစ်ပေါ်ခဲ့ကာ ဈေးနှုန်း ရုတ်တရက် ခုန်တက်ခဲ့သည်။

လက်တင်အမေရိက ငှက်ပျောသီးများ ဈေးနှုန်းကြီးမြင့်မှုကြောင့် အိန္ဒိယငှက်ပျောသီးများကို စိတ်ဝင်စားမှုမြင့်တက်နေပြီး အီရတ်နှင့် ဂျော်ဒန်တို့မှ ဝယ်လိုအား အားကောင်းနေဆဲဖြစ်ကြောင်း၊ အီရန်မှ အမှာစာများရရှိထားပြီး လွန်ခဲ့သည့်လက အိုမန်နိုင်ငံသို့ အိန္ဒိယငှက်ပျောတင်ပို့မှု လွန်ကဲ ခဲ့ပြီးယခုတွင် တည်ငြိမ်သွားပြီဖြစ်သည်။ ယခုအချိန်တွင် အိန္ဒိယ ငှက်ပျောသီးများ၏ အရသာကို နှစ်သက်ကြသော်လည်း အိန္ဒိယရောင်းချသူများအနေဖြင့် ပိုမိုကောင်းမွန်သော ထုတ်ပိုးမှုနှင့် သိုလှောင်မှုများ မြှင့်တင်ရန် လိုအပ်နေကြောင်း Karimi မှ ပြောကြားခဲ့သည်။

အနာဂတ်တွင် ပို့ကုန်ပမာဏ ပြန်ကောင်းလာမည်ဟု မျှော်လင့်ကြောင်း၊ ပို့ကုန်ပမာဏ တိုးတက်လာရေးသည် ရာသီအလိုက်သီးနှံများထွက်ရှိနိုင်ရေး၊ ကမ္ဘာလုံးဆိုင်ရာ သယ်ယူပို့ဆောင်မှုနှင့် ဝယ်သူများ၏ ဈေးနှုန်းအပေါ် တုံ့ပြန်မှုတို့အပေါ် မူတည်ကြောင်း Karimi က သုံးသပ်ခဲ့သည်ဟု သိရှိရသည်။

**ဟေမာန်အောင်မင်း**

https://www.freshplaza.com/asia/article/9766342/high-ecuadorian-spot-prices-have-increased-demand-for-indian-bananas/

# ကုန်လက်ကျန် တည်ငြိမ်မှုအရ ၂၀၂၆ တွင် ဂျပန်သို့ ဝက်သားတင်သွင်းမှု မြင့်တက်လာနိုင်



**U**SDA GAIN အစီရင်ခံစာအရ (FAS/Tokyo) ဂျပန်၏ ဝက်သားသွင်းကုန် ပမာဏသည် ၂၀၂၆ ခုနှစ်တွင် ပြန်လည်တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။ ပြည်တွင်းသိုလှောင်ကုန်လက်ကျန် ပမာဏများ ပြန်လည်ပုံမှန်ဖြစ်လာခြင်းကြောင့် ဖြစ်သည်။ ၂၀၂၄ ခုနှစ်ကုန်ပိုင်း ဘရာဇီး၏ စံချိန်တင် တင်ပို့မှုကြောင့် အေးခဲထားသော ကုန်စည်များကို စားသုံးခဲ့ခြင်းကြောင့် ၂၀၂၅ ခုနှစ်အလယ်ပိုင်းတွင် ဝက်သားသွင်းကုန်အရေအတွက် ကျဆင်းခဲ့သည်။ လက်ရှိ ပြည်တွင်းထုတ်လုပ်မှုသည် ဖွဲ့စည်းမှုအကန့်အသတ်များနှင့် ရင်ဆိုင်နေရပြီး၊ ဈေးနှုန်းများ ဆက်လက်မြင့်မားနေမည်ဟု ခန့်မှန်းထားသဖြင့် တည်ငြိမ်သောသွင်းကုန်များသည် ဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက် အဓိကဖြစ်လာမည် ဖြစ်သည်။

အမေရိကန်သည် ၂၀၂၄ ခုနှစ်တွင် ဂျပန်၏ ဝက်သားအဓိက ပေးသွင်းသူဖြစ်ပြီး စုစုပေါင်း ဈေးကွက်ဝေစု၏ ၂၈ ရာခိုင်နှုန်း ရှိနေသည်။ သို့သော် ၂၀၂၅ ခုနှစ်အစပိုင်း တင်ပို့မှုများသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ဒုတိယအကြီးဆုံးဖြစ်သော ကနေဒါ (၂၃ ရာခိုင်နှုန်း) သည် တည်ငြိမ်လျက်ရှိပြီး၊ စပိန် (၁၅ ရာခိုင်နှုန်း) သည် တင်ပို့မှုကို ၁၇ ရာခိုင်နှုန်း တိုးတက်စေခဲ့သည်။ ဘရာဇီးသည် ပမာဏကို နှစ်ဆတိုးပြီး အမှတ်စဉ်ငါး နေရာသို့ ရောက်ရှိလာခဲ့သည်။

FAS/Tokyo ၏ ဖော်ပြမှုအရ သွင်းကုန်လုပ်ငန်းရှင်များသည် သိုလှောင်ကုန်အဆင့်နှင့် အပြည်ပြည်ဆိုင်ရာဈေးနှုန်းများကို ဂရုစိုက်ချိန်ဆကြရန် လိုအပ်ကြောင်း၊ အအေးခန်းနေရာအကန့်အသတ်သည် အနာဂတ်ကုန်သွယ်မှုများကို စီမံခန့်ခွဲရာတွင် စိန်ခေါ်မှုတစ်ခုဖြစ်နေကြောင်း သိရှိရသည်။

**TTP**

www.asianagribiz.com/onlinenews/

# ငါးမြစ်ချင်း စီးပွားဖြစ် အသားတိုးမွေးမြူခြင်း

ဇော်ကြီး(ငါးဦးစီး)



ငါးမြစ်ချင်းသည် စီးပွားဖြစ် ငါးမွေးမြူရေးတွင် အသုံးများသော ရေချိုမွေးမြူရေးငါး ဖြစ်ပါသည်။အသီးအရွက်စား ငါးအမျိုးအစားဖြစ်သော်လည်း အင်းဆက်ပိုးမွှားများ၏ သားလောင်းများကိုလည်း စားသုံးလေ့ရှိပြီး ရေလယ်လွှာတွင် အဓိကနေထိုင်သော ငါးအမျိုးအစားဖြစ်ပါသည်။ ကြီးထွားမှုကောင်းမွန်ကာ အလျား ၂ပေခွဲခန့် (အလေးချိန် - ၆ ပိဿာ မှ ၉ ပိဿာ)အထိ ကြီးထွားနိုင်ပါသည်။ ရေအပူချိန် ၁ ဒီဂရီစင်တီဂရိတ်မှ ၄၀ ဒီဂရီစင်တီဂရိတ်ခန့်အထိ ကောင်းစွာ ခံနိုင်ရည်ရှိပါသည်။ ၁၃ ဒီဂရီစင်တီဂရိတ်ခန့်တွင် ကြီးထွားနှုန်းအကောင်းဆုံးဖြစ်ပြီး အပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်အထက်တွင်သာ သားပေါက်နိုင်ပါသည်။ရောဂါဒဏ်ခံနိုင်ရည်ရှိပြီး ဈေးကွက်ဝယ်လိုအား ကောင်းမွန်သော ငါးအမျိုးအစားတစ်မျိုးဖြစ်ပါသည်။

ငါးမြစ်ချင်းငါးသည် အသုံးများသော ရေချိုမွေးမြူရေးငါးများ ဖြစ်သော်လည်း ငါးကူးခတ်သွားလာရန်(မွေးမြူရေးအခေါ်အရ ငါးပြေးလမ်း) လိုအပ်သောကြောင့် ကျယ်ဝန်းသောကန်များဖြင့်သာ မွေးမြူသင့်ပြီး အသေးစားငါးမွေးမြူရေးသုံး တစ်နိုင်တစ်ပိုင်ကန်ငယ်များဖြင့် မွေးမြူရန်သင့်လျော်မှုမရှိပါ။အသေးစား ငါးမွေးမြူရေးအတွက် ၎င်းငါးမျိုးများအား မွေးမြူသင့်သော အသေးငယ်ဆုံးကန်အရွယ်အစားမှာ ၀.၂ ဧက (ဥပမာ- ၈၀ ပေ x ၁၂၀ ပေ အရွယ်အစား)ခန့် ကျယ်ဝန်းသောကန်များ ဖြစ်ပါသည်။

## ငါးမြစ်ချင်းငါး အသားတိုးမွေးမြူနည်း

စီးပွားဖြစ် ငါးမြစ်ချင်းငါး မွေးမြူရာတွင် ပြုစုကန်နှင့် အသားတိုးကန် ၂မျိုးဖြင့် မွေးမြူလေ့ရှိကြပြီး မွေးကာလ ၃နှစ်ခန့် မွေးမြူကြပါသည်။

**ပြုစုကန်** - ငါးမြစ်ချင်းငါးပြုစုကန်သည် ရေအနက် ၃ပေ ခန့်သာရှိပြီး ကန်အောက်ခြေရေမှော်ပင်များအား ရှင်းလင်းထားသော ရေသွင်းရေထုတ်ပြုလုပ်နိုင်သည့် ကန်များဖြစ်ပြီး အရွယ်အစားအားဖြင့် ၁ဧက မှ ၂ ဧကခွဲခန့် ကျယ်ဝန်းသောကန်များ ဖြစ်ပါသည်။ ၎င်းကန်များအား ငါးမြစ်ချင်းသားပေါက်များ မထည့်သွင်းမီ သဘာဝသက်ရှိအစားအစာများဖြစ်သော သတ္တဝါမျောလေး (zooplankton- rotifer, daphnia) များ ပေါက်ဖွားလာရန် ကောင်းစွာပြုစုထားရန် လိုအပ်ပါသည်။ ငါးသားပေါက်ထည့်သွင်းနှုန်းမှာ ၃ပေပတ်လည်ရှိသော အကျယ်အဝန်းတွင် ငါးမြစ်ချင်းသားပေါက်(ငါးသန်) ကောင်ရေ ၁၀၀ မှ ၄၀၀ ခန့် ထည့်ရှိသည်အထိ ငါးပြုစုခြင်းကိုလည်း ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် သဘာဝ အစားအစာဖြစ်သော သတ္တဝါမျောလေးများ သိပ်သည်းစွာ ပေါက် ဖွားလာရန်အတွက်ကွန်ပေါင်းဓာတ် မြေသြဇာ၊ နွားချေး၊ ကြက်ချေး စသောတိရစ္ဆာန်အညစ်အကြေးများအား ထည့်သွင်းပေးရန်လိုအပ်ပါသည်။

ငါးပြုစုရာတွင် ၅ ဧကအထက် မြေသားကန်ကြီးများဖြင့် မွေးမြူပြုစုခြင်းက ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။အကောင်းဆုံးကြီးထွားမှုကို ရရှိရန် ကန်၏ ရေအပူချိန်သည် ၂၅ ဒီဂရီ စင်တီဂရိတ်ရှိရန် လိုအပ်ပြီး ၎င်းအပူချိန်ထက်အေးသော ရေအပူချိန်တွင် ငါး၏ကြီးထွားနှုန်းလျော့နည်းကျဆင်းကြောင်း တွေ့ရပါသည်။ ကန်ရေ၏ အပူချိန်သည် ကြီးထွားနှုန်းအကောင်းဆုံး အခြေအနေကို ရရှိပါက ငါးမြစ်ချင်းသားပေါက်များသည် မွေးကာလ ၆ လ အတွင်း ၃၀ ကျပ်သားအရွယ်သို့ ကြီးထွားနိုင်ပါသည်။

**သားပေါက်ပြုစုခြင်း** - တစ်ဧကကန်တွင် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၄၀,၀၀၀ မှ ၈၀,၀၀၀ အထိ ထည့်သွင်းမွေးမြူနိုင်ပြီး ပိဿာအနေဖြင့် ထည့်သွင်းမည်ဆိုလျှင် ၂၅ ကျပ်သား ထည့်သွင်းနိုင်ပါသည်။ ရှင်သန်မှုမှာ တစ်ဧကတွင် ငါးအကောင်ရေ ၂,၅၀၀ မှ ၁၆,၀၀၀ ကောင် ရှင်သန်နိုင်ပြီး ရာခိုင်နှုန်းအား ဖြင့် ၅ မှ ၃၀ ရာခိုင်နှုန်း ရှင်သန်မှုရှိပါသည်။တစ်ဧက ကုန်တက်ပိဿာမှာ ၅၀ မှ ၁၀၀ ပိဿာ အထိ ရှိပါသည်။

ငါးဖြန်းအား ပထမတစ်နှစ်မွေးခြင်း- တစ်ဧကကန်တွင် ငါးဖြန်းကောင်ရေ ၁၆,၀၀၀ မှ ၂၄,၀၀၀ အထိ ထည့်သွင်းနိုင်ပြီး ပိဿာအနေဖြင့် ၂ မှ ၃ ဒသမ ၇၅ ပိဿာ ထည့်သွင်းမွေးမြူကြပါသည်။၎င်းကန်အတွင်းပြုစုမွေးမြူကြပြီးမွေးမြူရေးကာလအားဖြင့် အချိန် ၄ ပတ်မှ ၆ ပတ်အတွင်း ငါးဖြန်းအရွယ် (သုည ဒသမ ၀၁ ကျပ်သားမှ သုညဒသမ ၀၃ ကျပ်သားအရွယ်)သို့ရောက်ရှိချိန်တွင် အသားတိုးကန်များအတွင်းသို့ ပြောင်းရွှေ့ပြီးဆက်လက်မွေးမြူကြပါသည်။ ရှင်သန်နှုန်းမှာ ၅၀ ရာခိုင် နှုန်းမှ ၇၀ ရာခိုင်နှုန်းခန့် ရရှိလေ့ရှိပါသည်။

ငါးပြုစုကန်အနေဖြင့် အခြားနည်းလမ်းအားဖြင့် မြေကန်အစား ၅၀ စတုရန်းပေမှ ၁၀၀၀ စတုရန်းပေခန့်အထိ ကျယ်ဝန်းပြီး ကွန်ကရစ်၊အုတ်သို့မဟုတ် ပလတ်စတစ်များဖြင့် ပြုလုပ်ထားသော ကန်များအတွင်း ထည့်သွင်းမွေးမြူပြီး သုညဒသမ ၄ လက်မမှ သုညဒသမ ၈ လက်မခန့် အရွယ် ငါးမြစ်ချင်းသားပေါက်များ


အသားတိုး မွေးမြူခြင်း- အနည်းငယ်တိုးချဲ့ မွေးမြူနည်းစနစ် (Extensive system)ဖြင့် အသားတိုး မွေးမြူရာတွင် တစ်ဧကလျှင် စတင်ထည့်သွင်းကုန်ချိန် ၃၀ ပိဿာ မှ ၅၀ ပိဿာအထိ မွေးကာလတစ်နှစ်အတွင်း ဈေးကွက်ဝင်အရွယ် ငါးမြစ်ချင်းကုန်ချိန်ပိဿာ ၁၅၀ မှ ၁၇၅ ပိဿာခန့် ရရှိနိုင်ပါသည်။

မွေးမြူနည်းစနစ် အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**သားပေါက်ပြုစုခြင်း** - တစ်ဧကကန် တွင် ငါးဖြန်းကောင်ရေ ၈,၀၀၀ မှ ၁၄,၀၀၀ ကောင်ရှင်သန်နိုင်ပြီး ရာခိုင် နှုန်းအားဖြင့် ၅၀ မှ ၆၀ ရာခိုင်နှုန်း ရှင်သန်မှုရှိပါသည်။ တစ်ဧက ကုန်တက်ပိဿာမှာ ၇၅ မှ ၁၇၅ ပိဿာအထိ ရှိပါသည်။

**ပထမနှစ်မှ ဒုတိယတစ်နှစ် မွေးမြူခြင်း** - တစ်ဧကကန်တွင် ငါးမြစ်ချင်းကောင်ရေ ၂၀၀၀ မှ ၂၈၀၀ ကောင် အထိ ထည့်သွင်းနိုင်ပြီး ပိဿာအနေဖြင့် ၂၅ မှ ၅၀ ပိဿာ ထည့်သွင်းနိုင်ပါသည်။ ရှင်သန်မှုမှာ တစ်ဧကတွင် ငါးမြစ်ချင်းကောင်ရေ ၁၂၀၀ မှ ၁၆၀၀ ကောင်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၅၀ မှ ၇၀ ရာခိုင်နှုန်း ရှင်သန်မှုရှိပါသည်။တစ်ဧက ကုန်တက်ပိဿာမှာ ၁၅၀ မှ ၂၀၀ ပိဿာအထိ ရှိပါသည်။

စာ-၉ သို့



# ရှေးထုံးလည်းမပယ်နှင့် ဈေးသုံးလည်းမလွယ်နှင့်

ခင်ပြုံးဝင်း
(မြန်မာစာ)

မြန်မာဘာသာစကားတွင်စကားပုံနှင့် ဆိုရိုးစကားဟူ၍ စကားရပ်နှစ်မျိုးရှိသည်။ စကားပုံသည် လူအများဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် စံပြု ပုံခိုင်းအသုံးပြုလေ့ရှိသော ထိရောက် ကျစ်လျစ်သည့် စကားရပ်ဖြစ်သည်၊ ဆိုရိုးစကားသည် အစဉ်အလာပြောဆိုခဲ့ကြသော မှတ်သားဖွယ်ရာစကားဖြစ်သည်ဟု မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်။

မြန်မာလူမျိုးတို့သည် မိမိတို့ ကိုးကွယ်သည့်ဘာသာ ထုံးတမ်းစဉ်လာအရ ယုံကြည်လက်ခံသည့် အချက်များ၊ လူ့အဖွဲ့အစည်း၌ လက်ခံရန်မသင့်သည့် အပြုအမူများ၊ စားဝတ်နေရေး၊ လူမှုဆက်ဆံရေး ကိစ္စတို့နှင့် စပ်လျဉ်းသည့် ရှောင်ရှားသင့်သည့်အချက်များ စသည်တို့ကို နောင်လာနောက်သားတို့ အတွက် မှတ်သားနာယူဖွယ် စကားပုံများ၊ ဆိုရိုးစကားများဖြင့် ကိုးကား လမ်းညွှန်ဆုံးမလေ့ ရှိကြသည်။

မြန်မာလူမျိုးတို့၏ အဓိကအစာအာဟာရမှာ ဆန်စပါးနှင့် ကောက်ပဲသီးနှံများဖြစ်သည်။ ထို့ကြောင့် လူမှုဆက်ဆံရေးနယ်ပယ်များ၌ ဆန်စပါးနှင့် ကောက်ပဲသီးနှံများကို အကြောင်းပြုထားသော နာယူဖွယ်စကားပုံကလေးများလည်းတွေ့ရှိနိုင်ပါသည်။

မိမိအခြေအနေနှင့်မမျှသောအရာကိုမှ မျှော်မှန်းသည်၊ မဖြစ်နိုင်မှန်း၊ မရနိုင်မှန်းသိလျက်နှင့် လိုချင်တပ်မက်တတ်သည့်သူကို "ကောက်သင်းကောက်က အနံ့ကြီးကြိုက်" ဟူသောစကားပုံဖြင့် ခိုင်းနှိုင်းလေ့ရှိသည်။ အဆိုပါစကားပုံသည် လယ်ယာလုပ်ငန်းခွင်တွင် ရိတ်သိမ်းပြီး ကြွင်းကျန်နေသော စပါးနှံကလေးများကို ဟိုဟိုဒီဒီလိုက်လံစုဆောင်းရသည့် ကောက်သင်းကောက်အလုပ်ကို လုပ်ကိုင်ရသူက အထင်အရှား မော်ကြွားနေသော ကောက်ပင်ကြီးကိုမှ မပင်မပန်းလိုချင်သည်ဟု ထိထိမိမိထေ့ငေါ့ထားကြောင်း နှစ်သက်ဖွယ် တွေ့ရှိရသည်။

အခြေအနေတစ်ခု၌ နှစ်ဦးနှစ်ဖက်ရှိရာတွင် သဘာဝအလျောက် ရှက်ရ၊ နာရမည့်သူဘက်က ရှက်ရ၊ နာရကောင်းမှန်းမသိဘဲ မရှက်ရ၊ မနာရမည့်သူဘက်က အဖြစ်သည်းတတ်သည့် လူတချို့၏ သဘောကို ထင်ရှားစေရန် "ကောက်ညှင်းက မစေး၊ ဆန်ကြမ်းကစေး" ဟူသော စကားပုံဖြင့် ခိုင်းနှိုင်းလေ့ ရှိကြသည်။ အဆိုပါစကားပုံသည် ကောက်ညှင်းဆန်နှင့် ဆန်ကြမ်းတို့၏တန်ဖိုးနှင့် အရသာ ကွာခြားပုံကို သိလွယ်၊ မြင်လွယ်စေရန် နေ့စဉ်သုံးစကားလုံးလေးများဖြင့် သာဓကဆောင်ထားသော ရှေးလူကြီး သူမတို့၏ စိတ်ကူးစိတ်သန်းကောင်းမွန်မှုကိုဖော်ပြနေပါသည်။

မြန်မာတို့သည် မျိုးရိုးဗီဇ ကောင်းမွန်မှုအပေါ် ဂုဏ်ယူတတ်သူများဖြစ်ကြသည်။ အမျိုး ကောင်းသား၊ အမျိုးကောင်းသမီး ဖြစ်ရခြင်းအပေါ် တန်ဖိုးထား မြတ်နိုးကြသည်။ ထို့ကြောင့် မိမိတို့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို အလေးထား စောင့်ထိန်းရမည်ဖြစ်ကြောင်း ကို "မျိုးစေ့မမှန် ပင်မသန်" ဟူသော စကားပုံဖြင့် နှိုင်းယှဉ် ဖော်ပြထားသည်။ အဆိုပါစကားပုံသည် မျိုးကောင်း မျိုးသန့်မဟုတ်သော မျိုးစေ့မှ ပေါက်လာသည့် အပင်မှာ သန်သန်စွမ်းစွမ်း ဝေဝေဆာဆာမရှိသကဲ့သို့ မျိုးရိုးဗီဇ ညံ့ဖျင်းပါက ထိုသူသည် ထူးချွန်ပေါက် မြောက်ခြင်း မရှိနိုင်ကြောင်းကို မိရိုးဖလာ လုပ်ငန်းသုံး စကားလုံး လေးများဖြင့် လမ်းညွှန်ထားကြောင်း လေးစားဖွယ် တွေ့ရှိရသည်။

လောက၌ မိမိ မပိုင်ဆိုင်သောအရာကို ပိုင်စိုးပိုင်နင်းပြုလုပ်ရုံမျှမက ပိုင်ရှင်ကိုပင် တစ်ဖန် ပြန်လည်ဒုက္ခပေးတတ်သူများလည်းရှိကြကြောင်း၊ ထိုသူတို့၏လုပ်ရပ်ကို ယာခင်းထဲသို့ ကျူးကျော် ဝင်ရောက် စားသောက်နေသော မျှောက်က ယာခင်းပိုင်ရှင်ကို မောင်းထုတ်တတ်သော စရိုက်နှင့် နှိုင်းယှဉ်ကာ "ယာရှင်ကို မျှောက်မောင်း" ၊ တစ်ပါး သူဆီမှ အလကားရသည့်အရာ ဟူ၍မရှိနိုင်စကောင်း၊ မိမိက ဆန်ပေးမှသူ့ထံကဆေးရွက်ရနိုင် သကဲ့သို့ဖြစ်ကြောင်းကို "ဆန်ပေးမှဆေးရ"၊ မိမိ၌ အခြေအနေ မရှိဘဲ ကြီးကြီးကျယ်ကျယ် ပြုမူပြောဆိုတတ်သူကို "ဆန်မရှိအစားကြီး"၊ သူတစ်ပါး ကျွေးသော ထမင်းကို စားလျှင် သူ့တာဝန်ကိုထမ်းရမည် ဖြစ်သကဲ့သို့ သူတစ်ပါးထောက်ပံ့မှုနှင့် မကင်းနိုင်လျှင်လည်း ၎င်းပေးအပ်သည့် တာဝန်မှ ကြောက်ရွံ့ငြင်းဆန်၍ မဖြစ်နိုင်ကြောင်းကို "သူ့ဆန်စားရဲမှ" ၊စပါးစေ့များမှ စပါးခွံများကျွတ်စေရန် မောင်းဆုံတွင် ထည့်ထောင်းရာ မောင်း၌ တပ်ဆင်ထားသော ကျည်ပွေ့သည် ဆုံမှ စဉ်ထွက်သမျှ ဆန်စေ့များ၏ နောက်သို့လိုက်၍ မထောင်းနိုင်သကဲ့သို့ ပင်မကိစ္စကို လွှတ်ပြီး နီးနွယ်ရာ အသေးအဖွဲကိစ္စများ နောက်သို့လိုက်၍ မလုပ်နိုင်ကြောင်းကို "ဆန်စဉ်ရာ ကျည်ပွေ့ မလိုက်နိုင်"၊ ဆန်ကွဲ၊ဆန်နုပ် ဖြစ်သွားသော ဆန်သည် ဖွတ်စရာမလို၊ ဆန်ရင်းကိုသာ ဖြူသည်ထက် ဖြူအောင် နာနာ ဖွတ်ရသကဲ့သို့ ဆုံးမစရာရှိလျှင်လည်း ရင်းနှီးပြီး ကောင်းဖို့အလားအလာရှိသောသူကိုသာ ဖိ၍ ဆုံးမလေ့ရှိသည်ကို "ဆန်ရင်းနာနာဖွတ်" စသည့် မှတ်သားရလွယ်ကူသော၊ နေ့စဉ်ဘဝတွင် လက်တွေ့ အသုံးဝင်လျက်ရှိသော စကားပုံ ကလေးများဖြင့် သာဓက ဆောင်ထားကြောင်း စိတ်ဝင်စားဖွယ် တွေ့ရှိရသည်။

ထို့ပြင် မိရိုးဖလာစီးပွားရေးဖြစ်သောလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်စေရန် ရှေးထုံးနည်းနာများကို မှတ်သားဖွယ် ဆိုရိုးစကားကလေးများဖြင့်လည်း တစေ့တစောင်း ပညာ ပေးလေ့ ရှိကြသည်။

တမန်းပုပ်နေသောလယ်ကွင်းတွင် အရွယ်တော် ပျိုးပင်စိုက်လျှင် စပါးအထွက်ကောင်း သည်ကို "တမန်းအိုအို ပျိုးပျိုပျို"၊ စပါးစိုက်သည့်အချိန်တွင် မိုးသင့်တင့်အောင်ရွာမှ ပျိုးပင် ရှင်သန်မည်ကို "မိုးရွာမှ ပျိုးသာမည်"၊ ဆန်းစလ၏ အကွေးသည် တောင်ဘက်သို့ မျက်နှာမူလျှင် စပါးသီးနှံ အထွက်ကောင်းကြောင်းကို "ရွှေလမင်းတောင်ကိုစောင်း၊ စပါးဆန်ရေကောင်း"၊ ငှက်ပျောပင်နှင့် ဝါးပင်စိုက်ပျိုးရမည့်အချိန်အခါကို "ငှက်ပျောကဆုန်၊ ဝါးနယုန်"၊ ငှက်ပျောပင်စိုက်လျှင် မြေကျင်းကို တစ်တောင်အနက်တူး၍ လည်းကောင်း၊ အုန်းပင်စိုက်လျှင် မြေကျင်းနက်နက်တူး၍ မြေပေါ်တည် စိုက်ပျိုးရမည်ကို လည်းကောင်း ဖော်ပြရာ၌ "ငှက်ပျောလက်တစ်နှိုက်၊ အုန်းတည်စိုက်"၊ ငှက်ပျောခိုင် စထွက်ရာမှရင့်မှည့်သည်အထိ အချိန်ကာလသည် ကလေးမွေးစမှထိုင်နိုင်သည့် ကာလ(၇)လခန့် ကြာမြင့် ကြောင်းကို "ငှက်ပျောတစ်ခိုင် သားတစ်ထိုင်"၊ ငရုတ်စိုက်ရာတွင် တစ်ပင်နှင့် တစ်ပင် ခြေ တစ်လှမ်းစာ ခန့်ခွာ၍လည်းကောင်း၊ ခရမ်းစိုက်ရာတွင် တစ်ပင်နှင့်တစ်ပင် တစ်ခုန်စာခန့် ခွာ၍ လည်းကောင်း စိုက်ရ ကြောင်းကို "ငရုတ်တစ်လှမ်း၊ ခရမ်းတစ်ခုန်"၊ တော်သလင်းလသည် ကွမ်းစိုက်ရန် အကောင်းဆုံးလ ဖြစ်ကြောင်း၊ ယင်းလတွင် လုံ့လ အားနည်းသူ၊ ပျင်းရိသူက စိုက်ပျိုးလျှင်ပင် ဖြစ်ထွန်းလေ့ရှိကြောင်းကို "တော်သလင်း လူပျင်းကွမ်းစိုက်"၊ မြေအနည်း ငယ်ရှိရုံဖြင့် နှမ်းမျိုးကောင်းစိုက်ပျိုးလျှင် တစ်အိမ်ထောင် ဖူလုံစွာစားသောက်နိုင်သကဲ့သို့ ဝါအမျိုးကောင်းစိုက်ပျိုးလျှင် တစ်အိမ်ထောင်ဝတ်နိုင်သော အထည်များ ရရှိနိုင်ကြောင်းကို "နှမ်းကောင်းလျှင် တစ်အိမ်ရာ၊ ဝါကောင်းလျှင် တစ်ထောင်ဖို့"၊ ဝါစိုက်ခြင်းသည် နှမ်းစိုက် ခြင်းကဲ့သို့အချိန်လု၍ လုပ်ရကြောင်း၊ အချိန်ရာသီမလင့်စေရန် အထူးဂရုပြုရသော အပင်မျိုး ဖြစ်ကြောင်းကို "ဝါကဆုန်၊ နှမ်းနယုန်"၊ မိုးစိပ်စိပ်ရွာသည့် ဝါခေါင်လသည် လယ်သမားများ ထွန်ယက်

စာ-၁၁ သို့

စာ-၈ မှ

**ဒုတိယနှစ်မှ ကန်ဖော်ဖမ်းဆီးခြင်း** - တစ်ကေကန်တွင် ငါးမြစ်ချင်းကောင်ရေ ၂၄၀ မှ ၃၂၀ ကောင်အထိ ထည့်သွင်းနိုင်ပြီး ပိဿာအနေဖြင့် ၃၀ မှ ၅၀ ပိဿာ အထိ ထည့်သွင်းနိုင်ပါသည်။ရှင်သန်မှုမှာ တစ်ကေတွင် ငါးမြစ်ချင်းကောင်ရေ ၁၆၀ မှ ၂၀၀ ပိဿာ အထိ ရှင်သန်နိုင်ပြီး ရာခိုင်နှုန်းအားဖြင့် ၅၀ မှ ၇၀ ရာခိုင်နှုန်း ရှင်သန်နိုင်ပါသည်။ တစ်ကေ ကုန်တက်ပိဿာမှာ ၁၅၀ မှ ၁၇၅ ပိဿာ အထိ ရှိပါသည်။

**အစာကျွေးခြင်း**- ငါးမြစ်ချင်းငါးသည် အစုံစားငါးအမျိုးအစားဖြစ်ပြီး ရေနေအင်းဆက်သားလောင်းများအား နှစ်သက်စွာ စားသုံးပါသည်။သဘာဝအစားအစာကို အားထားမွေးမြူသော်လည်း ကန်၏ သဘာဝအစားအစာထုတ်လုပ်မှု ကျဆင်းသောအခြေအနေများတွင် ငါး၏ကြီးထွားနှုန်းအား မထိခိုက်စေရန်အတွက် ဖြည့်စွက်စာကျွေးမွေးပေးရန် လိုအပ်ပါသည်။ ငါး၏ကြီးထွားနှုန်း အကောင်းဆုံး ဖြစ်စေလိုပါက အာဟာရတန်ဖိုးမြင့်မားသော အရည်အသွေးကောင်းမွန်သည့် အစာအား ဖြည့်စွက်စာအဖြစ် ကျွေးမွေးပေးရန် လိုအပ်ပါသည်။

ဇော်ကြီး(ငါးဦးစီး)

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း-၃၄)

## စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များခေတ်နှင့်အညီလိုအပ်သောဘာသာရပ် နှင့်သုတေသနများ (၁၀)

(ယခင်အပတ်မှအဆက်)

ဒေါက်တာမျိုးကြွယ်

## ဘွဲ့လွန်သင်တန်းကျောင်း (Graduate School)

မြန်မာနိုင်ငံ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များအတွက် နောင်လိုအပ်သောဌာနကြီး တစ်ခုမှာ ဘွဲ့လွန် သင်တန်းကျောင်း (Graduate School) ဖြစ်ပါသည်။

### ကမ္ဘာ့တက္ကသိုလ်များတွင် ဘွဲ့လွန်ကျောင်းများ၏ အခန်းကဏ္ဍနှင့် အရေးပါပုံ

ဘွဲ့လွန်ကျောင်းများသည် ကမ္ဘာလုံးဆိုင်ရာ တက္ကသိုလ်နယ်ပယ်တွင် အဓိကကျ သော အဖွဲ့အစည်းများဖြစ်ပြီး အထူးပြုဗဟုသုတများ၊ ဝေဖန်ပိုင်းခြားတွေးခေါ်မှုများနှင့် ဆန်းသစ်တီထွင်မှုများအတွက် အဆင့်မြင့်ဌာနများအဖြစ် ဆောင်ရွက်ပါသည်။

ဘွဲ့ကြိုအစီအစဉ်(Undergraduate Programs) များသည် ကျယ်ပြန့်သောအခြေခံ ပညာကိုပေးစွမ်းသော်လည်း၊ ဘွဲ့လွန်ပညာရပ် (Graduate/Post-Graduate Programs) များသည်နက်ရှိုင်းပြီး အာရုံစိုက်လေ့လာမှုများကိုပေးစွမ်းကာ မဟာဘွဲ့သို့မဟုတ်ပါရဂူဘွဲ့ များဖြင့် အဆုံးသတ်ပါသည်။ ဘွဲ့လွန်သင်တန်းကျောင်းများသည် တက္ကသိုလ်များအတွင်း Master's (မဟာဘွဲ့) နှင့် Doctoral (PhD) ပါရဂူဘွဲ့ပေးသည့် အဆင့်မြင့်တန်း သင်ကြားရေးဌာနများဖြစ်သည်။ ၎င်းတို့သည်—

(က) သိပ္ပံပညာရှင်များ၊ သုတေသနပညာရှင်များ၊ ခေါင်းဆောင်ကောင်းများကို မွေးထုတ် ပြီး နိုင်ငံများဖွံ့ဖြိုးတိုးတက်စေပါသည်။

(ခ) နည်းပညာနှင့် သုတေသနအသစ်များဖန်တီးရာတွင် ဦးဆောင်နိုင်ပါသည်။

(ဂ) နိုင်ငံအတွင်းနဲ့ နိုင်ငံတကာအတွက် ပညာရေး၊ မူဝါဒ၊ စီးပွားရေးကဏ္ဍအထိ သက်ရောက်မှုရှိပါသည်။

(ဃ) နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော စိုက်ပျိုး၊ မွေးမြူရေးပြဿနာများကို ဘွဲ့လွန် သုတေသနများမှ ဖြေရှင်းပေးနိုင်ပြီး နိုင်ငံတော် အနာဂတ်အတွက် လိုအပ်နေသော စိုက်ပျိုးမွေးမြူရေးပညာရှင် များစွာကို မွေးထုတ်ပေးနိုင်ပါသည်။

ဤအစီအစဉ်/ပရိုဂရမ်များသည် အလွန်ကျွမ်းကျင်သောပညာရှင်များကို မွေးထုတ် ရန်၊ ဆန်းသစ်တီထွင်မှုများကို မြှင့်တင်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်း ရန် အတွက် မရှိမဖြစ်လိုအပ်ပါသည်။ ကမ္ဘာတစ်ဝန်းရှိ ထိပ်တန်းအဖွဲ့အစည်းများသည် တင်း ကျပ်သော ပညာရေးစံနှုန်းများ၊ ထူးချွန်သော ပါမောက္ခများ၏ လမ်းညွှန်မှုနှင့် မူရင်း သုတေသနပြုမှုနှင့် လူမှုအသိုင်းအဝိုင်းအတွက် ပံ့ပိုးမှုတို့ကို အလေးထားကြပါသည်။

### ဘွဲ့ကြို/ဘွဲ့လွန်ပညာရပ်အစီအစဉ်များ (Under- graduate/ Graduate Programs)

ဘွဲ့ကြိုအစီအစဉ်/ ပရိုဂရမ်များသည် ကျောင်းသားများကို ဘာသာရပ်မျိုးစုံကို မိတ်ဆက်ပေးလေ့ရှိပြီး အဓိကဘာသာရပ်တစ်ခုကို အထူးပြုသည့်တိုင် လေးနှစ်/ငါးနှစ် ခန့်ကြာသော စနစ်တကျလေ့လာမှုဖြင့် ဘွဲ့တစ်ခုရရှိစေပါသည်။ဘွဲ့ကြိုကျောင်းသားများ၏ပျမ်းမျှအသက်မှာ အများအားဖြင့် ၁၈နှစ်မှ ၂၄နှစ်ကြားဖြစ်ပြီး ဘွဲ့လွန်ကျောင်းသား /သူများ ၏ပျမ်းမျှအသက်မှာ ၂၄ နှစ်မှ ၄၀နှစ်အကြား ဖြစ်နိုင်ပြီး အတွေးအခေါ် ပိုမို ရင့်ကျက်လာနိုင်၍ အကျိုးပြုသုတေသနများစွာ ပြုလုပ်နိုင်စွမ်းရှိပါသည်။ ဤအဆင့်ရှိ သင်ရိုးညွှန်းတမ်းသည် ဘာသာရပ်တစ်ခုအတွင်း ကျယ်ပြန့်သော အကြောင်းအရာများကို လွှမ်းခြုံထားပြီး ဘာသာရပ်၏ ပြည့်စုံသော ခြုံငုံသုံးသပ်ချက်ကို ပေးရန် ရည်ရွယ်ပါ သည်။

ပုံမှန်အားဖြင့်၊ ဘွဲ့လွန်အစီအစဉ်/ပရိုဂရမ်များသည် အလွန်အထူးပြုသော ဗဟုသုတနှင့် ဘာသာရပ်တစ်ခုတည်းကို အာရုံစိုက်လေ့လာခြင်းတို့ ပါဝင်သည်။ ဤအစီအစဉ် များရှိ ကျောင်းသားများသည် မူရင်းအတွေးအခေါ်များကို ပံ့ပိုးရန်၊ လွတ်လပ်သော သုတေသနပြုရန်နှင့် ၎င်းတို့၏ နယ်ပယ်တွင် မြင့်မားသော ဝေဖန်ပိုင်းခြားတွေးခေါ်မှုနှင့် ကျွမ်းကျင်မှုအဆင့်ကို ပြသရန် မျှော်မှန်းထားသည်။ အချိန်ပေးရမှုမှာ သိသိသာသာ ပိုများပြီး မဟာဘွဲ့များသည် ပုံမှန်အားဖြင့် တစ်နှစ်မှ နှစ်နှစ်ကြာမြင့်ပြီး ပါရဂူ (Ph.D.) ပရိုဂရမ်များသည် ကျယ်ပြန့်သော သုတေသနပြုမှုနှင့် ကျမ်းပြုစုခြင်းအပါအဝင် လေးနှစ် မှ ခြောက်နှစ် သို့မဟုတ် ထို့ထက်ပို၍ ကြာမြင့်လေ့ရှိသည်။ ဘွဲ့လွန်ကျောင်းသားများ၏ လူဦးရေစာရင်းမှာလည်း လူအမျိုးမျိုးပိုမိုကွဲပြားပြီး (Diverse people, ages, different disciplines, etc.) ယခင်လုပ်ငန်းအတွေ့အကြုံရှိသော သက်ကြီးရွယ်အိုများလည်း ပါဝင် လေ့ရှိသည်။ စက်သုပ္ပ အစရှိသော တစ်ချို့ နိုင်ငံများတွင် ဘွဲ့လွန် ကျောင်းသား/သူများ ၏ အသက်သည် ၇၀နှစ်လောက်အထိတောင် ရှိနိုင်ပြီး ရာသက်ပန်သင်ယူမှုစနစ် (Lifelong Learning System) ကို ကောင်းမွန်စွာ အသုံးချနေပါသည်။ ဘွဲ့လွန်ပညာရေး၏ ဖြစ်စဉ်သည် အဆင့်မြင့်ဘွဲ့များ၏ ပိုမိုပညာရှင်ဆန်လာမှုကို ထင်ဟပ်စေသည်။ သမိုင်းကြောင်းအရ ပါရဂူဘွဲ့သည် ကောလိပ်ဆရာနှင့် သုတေသီများ အတွက် အဓိကပြင်ဆင်ပေးခဲ့သည်။ သို့သော် ခေတ်မီဘွဲ့လွန်အစီအစဉ်များ၊ အထူးသဖြင့် ပညာရှင် မဟာဘွဲ့ (Professional Master) ဘွဲ့များသည် စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ စီးပွားရေး သို့မဟုတ် အင်ဂျင်နီယာဘာသာရပ်များကဲ့သို့သော ပညာရပ်နယ်ပယ်များတွင် တိုက်ရိုက် အသုံးချရန် အတွက် သီးခြားကျွမ်းကျင်မှုများဖြင့် ကျောင်းသားများကို ပြင်ဆင် ပေးရန် ဒီဇိုင်းပုံစံထုတ်ထားပြီး မကြာခဏဆိုသလို အလုပ်သင် (သို့မဟုတ်) ကွင်းဆင်း လေ့လာမှု သုတေသနများ ပါဝင်သည်။ အလားတူပင်၊ ပါရဂူဘွဲ့ရများသည် ယခုအခါ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက်သော ကော်ပိုရေးရှင်းများတွင် သို့မဟုတ် အဆင့်မြင့်ဒေတာခွဲခြမ်းစိတ်ဖြာမှု ကျွမ်းကျင်မှုများ လိုအပ်သော အစိုးရအေဂျင်စီများတွင် အလုပ်အကိုင် ရွေးချယ်စရာများစွာကို လိုက်စားကြသည်။ အဆင့်မြင့်ဘွဲ့ရများအတွက် အလုပ်အကိုင်လမ်းကြောင်းများ တိုးချဲ့လာခြင်းသည် ဘွဲ့လွန်ပညာရေး၏ ရည်ရွယ်ချက် နှင့် အသုံးဝင်မှုတွင် အခြေခံကျသော အပြောင်းအလဲကို ဖော်ပြသည်။ ၎င်းသည် ဘွဲ့လွန် ကျောင်းများသည် ကဏ္ဍအသီးသီးရှိ အလွန်အထူးပြုပြီး လက်တွေ့ကျသော ကျွမ်းကျင်မှု များအတွက် ဈေးကွက်လိုအပ်ချက်များကို ပိုမိုတုံ့ပြန်လာပြီး ပညာရေးသက်သက်မှ ကျော် လွန်၍ ပိုမိုကျယ်ပြန့်သော စီးပွားရေးတွင် ပညာရှင်ခေါင်းဆောင်မှုနှင့် ဆန်းသစ်တီထွင်မှု အတွက် အရေးပါသော လေ့ကျင့်ရေးကွင်းများအဖြစ် ဆောင်ရွက်နေကြောင်း ဖော်ပြ သည်။

### ဘွဲ့လွန်သင်တန်းကျောင်းပါဝင်သောကမ္ဘာ့နာမည်ကြီး စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ

(က) ကော်နယ်တက္ကသိုလ် (Cornell University) အမေရိကန်ဘွဲ့လွန်သင်တန်းများ (Graduate Programs): စိုက်ပျိုးမွေးမြူရေးနှင့် သက်ရှိသိပ္ပံ ကောလိပ် (College of Agriculture and Life Sciences) တွင် ဘွဲ့လွန်သင်တန်း ၄ ခု ဖွင့်လှစ်ထားပါသည်။
အထူးပြုနယ်ပယ်များ: အသားသိပ္ပံ (Meat Science)၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေး (Sustainable Agriculture)၊ တိရစ္ဆာန်မျိုးဗီဇဗေဒ (Animal Genetics) တို့ဖြစ်ပါသည်၊

(ခ) ကွင်းစလန်တက္ကသိုလ် (University of Queensland) ဩစတေးလျ ကွင်းစလန်စိုက်ပျိုးရေးနှင့် အစားအစာတီထွင်ထုတ်လုပ်ရေး ဘွဲ့လွန်သင်တန်း Queensland Alliance for Agriculture and Food

ဘွဲ့လွန်သင်တန်းကျောင်း၊ ဖိလစ်ပိုင်တက္ကသိုလ် (UPLB)







စာ-၁၁ သို့

စာ-၁၃ မှ

နိမ့်သွားသည်။

### သစ်သီးဝလံနှင့် ဟင်းသီး/ရွက်ဈေးကွက်

ချောင်းဦးဘက်မှ ဖရဲသီးများ လှိုင်လှိုင်ဝင်ရောက်ပြီး အရည်အသွေး ပေါ်မူတည် ၍ ၁၀၀၀မှ ၂၅၀၀ ကျပ်ဖြင့် လက်လီသမားများ အဝယ်များနေသည်။ စပျစ်သီးဈေးနှုန်းမှာ တရုတ်စပျစ်သီးများအဝင်မရှိဘဲ ရမည်းသင်း မြန်မာစပျစ်သီးများသာ ဝင်ရောက်ပြီး တစ်ပိဿာ ၁၅၀၀၀ကျပ်ထိ ဈေးမြင့်နေ သည်။ ရှောက်၊ အောင်းပန်းထောပတ်သီး ၁၂၀ လုံးပါတစ်အိတ် ၃၅၀၀၀ကျပ်မှ ၄၀၀၀၀ကျပ်၊ ချောင်းဦးနှင့် မန္တလေးဝန်းကျင်မှ သခွားမွှေးသီးများ ဝင်ရောက်ပြီး အရည်အသွေးကောင်းသော်လည်း နယ်ဝေးတင်ပို့ရမှု နည်းခြင်းကြောင့် တစ်လုံး ၂၀၀၀မှ ၃၀၀၀ဖြင့် လက်လီသမားများ အဝယ်ပုံမှန်ရှိသည်။ သီပေါဘက်မှ ကမ္ဗလာ သီးများ စတင်ဝင်ရောက်ပြီး ၁၀၀ ပိဿာ ၂၀၀၀၀၀ ကျပ်မှ ၂၅၀၀၀၀ကျပ် ဈေးဖြင့် ရောင်းဝယ်နေသည်။

မန္တလေးသီရိမာလာဈေးတွင် ပုသိမ်ကြီး မင်းဂံဘက်မှ တရုတ်(တိုင်ပေ)ပြောင်းများ လှိုင်လှိုင်ဝင်ရောက်ပြီး ၁၀၀ ဖူးလျှင် ၄၀၀၀၀ကျပ် ဈေးဖြင့် ရောင်းဝယ်မှုရှိသည်။ ပြင်ဦးလွင်မှ ခရမ်းသီးတစ်ပိဿာလျှင် ၅၀၀ကျပ် အောင်ပန်းမှ ဘိုစားပဲသီးတစ်ပိဿာ ၄၀၀၀ကျပ်၊ မုန်ညှင်းဖြူ ၁၁ ပိဿာ အိတ်တစ်အိတ် ၈၀၀၀ကျပ်မှ ၁၀၀၀၀ ကျပ်၊ ရှောက်မှ ဂေါ်ရခါးသီးတစ်လုံး ၁၀၀ ကျပ်ဖြင့် လားရှိုး၊ ရန်ကုန်နှင့်အမှာရှိသော မြို့များသို့ တင်ပို့ သည်။ ရှမ်းတောင်ခရမ်းချဉ် ၂၀ ပိဿာ တစ်သေတ္တာ ၅၀၀၀၀ကျပ်မှ ၆၀၀၀၀ကျပ်ဖြင့် ဖားကန့်၊ မြစ်ကြီးနား သို့ တင်ပို့သည်။

### ဂုံနှင့် အစေ့ထုတ်ပြောင်းဈေးကွက်

ဂုံဈေးနှုန်းအနေဖြင့် ဂုံစက်များ အဝယ် နည်းခြင်း၊ လှောင်သမား ထုတ်ရောင်းမှုရှိခြင်းကြောင့် မြင်းမူ၊ မြောင်၊ ငါန်ဇွန်၊ ဆားတောင်၊ ဘုတလင်၊ မုံရွာ ဂုံများ ၃တင်းတစ်အိတ် ၂၃၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး၊ ရှမ်းဂုံမှာ ဂုံထွက်နည်းခြင်းကြောင့် ဂုံစက် များ အဝယ်နည်းအရောင်းအဝယ်အေးခြင်းကြောင့် ယခင်အပတ် ၂၀၅၀၀၀ကျပ်မှ ယခုအပတ် ၂၀၀၀၀၀ကျပ် သို့ ဈေးမသိမသာနိမ့်သွားသည်။ ကလေးဂုံ၊ ကြူးကုတ်ဂုံများမှာ ၁၉၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဩစတေးလျဂုံမှုန့်မှာ မုန့်လုပ်ငန်းသမားများ အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၃၈၅၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းအနေဖြင့် မိုးပြောင်းများအသစ်အဝင်ရှိခြင်း၊ အစာစပ်သမား အဝယ်နည်း ခြင်းကြောင် ယခင်အပတ် ၃တင်းတစ်အိတ် ၈၃၅၀၀ ကျပ်မှ ၇၆၀၀၀ကျပ်သို့ ဈေးသိသိသာသာ နိမ့်သွား သည်။

**ခင်မေကြည်**

စာ-၁၀ မှ

Innovation (QAAFI) ဌာနမှ ဦးဆောင်နေပါသည်။
သုတေသနအဓိကထားသောခေါင်းစဉ်များမှာ: အပူပိုင်းဒေသ မွေးမြူရေးစနစ် (Tropical Animal Production)၊ အစားအစာဘေးကင်းလုံခြုံရေး (Food Security and Safety) တို့ ဖြစ်ပါသည်။

(ဂ) ဗာဂန်းနင်းဂန်တက္ကသိုလ် (Wageningen University) နယ်သာလန်
ဤတက္ကသိုလ်၏ထူးခြားချက်မှာ ကမ္ဘာ့အဆင့် ၁ စိုက်ပျိုးမွေးမြူရေး တက္ကသိုလ် (QS Ranking) ဖြစ်ပါသည်။
ဦးစားပေးဘွဲ့လွန်သင်တန်းများမှာ: ရေရှည်တည်တံ့သော စိုက်ပျိုးမွေးမြူရေး (Sustainable Agriculture)၊ အစားအစာစနစ်များ (Food Production Systems) တို့ဖြစ်ပါသည်။

(ဃ) ကယ်လီဖိုးနီးယားတက္ကသိုလ် (UC Davis) အမေရိကန်
ဘွဲ့လွန်သင်တန်းများမှာ - စိုက်ပျိုးမွေးမြူရေးနှင့် ပတ်ဝန်းကျင်သိပ္ပံ (Agricultural and Environmental Science)၊ တိရစ္ဆာန်သိပ္ပံ (Animal Science) တိုဖြစ်ပြီး ပူးပေါင်း သုတေသနများမှ ဥပမာ - ဖူဂျီပန်းသီး (Fuji Apple) ကဲ့သို့ သီးနှံမျိုးသစ်များ ဖွံ့ဖြိုး ရေး ဆောင်ရွက်နိုင်ပါသည်။

(င) ဖိလစ်ပိုင်တက္ကသိုလ်၊ လော့စ်ဘားညို့ (UPLB) ဖိလစ်ပိုင်
ဖိလစ်ပိုင်နိုင်ငံ၊ လော့စ်ဘာနော့စ်ရှိ ဖိလစ်ပိုင်တက္ကသိုလ် (UPLB) ဘွဲ့လွန်သင်တန်း ကျောင်းသည် ဖိလစ်ပိုင်နှင့်အရှေ့တောင်အာရှ နိုင်ငံများရှိ အဆင့်မြင့်ပညာရေးနှင့် သုတေသနအတွက် ထင်ရှားသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ စိုက်ပျိုးမွေးမြူရေး ဆိုင်ရာ အထူးပြုလေ့လာမှုများမှ ဘက်စုံပညာရပ်ဆိုင်ရာ ကျယ်ပြန့်သော ပညာရေး အင်အားစု အဖြစ် တဖြည်းဖြည်း ပြောင်းလဲလာခဲ့သည့် ၎င်း၏ခရီးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ၎င်း၏ အဓိကအခန်းကဏ္ဍကို မီးမောင်းထိုးပြနေသည်။ ဘွဲ့လွန် ကျောင်းသည် ကျယ်ပြန့်သော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အစီအစဉ်များကို ကျွမ်းကျင် သော ပါမောက္ခများက စီမံခန့်ခွဲပြီး၊ လက်လှမ်းမီမှုနှင့် သက်ဆိုင်ရာအကြောင်းအရာ များ ကို သေချာစေရန် ဆန်းသစ်သောနည်းလမ်းများကို အသုံးပြုထားသည်။ နိုင်ငံအဆင့်/ အမျိုးသားအဆင့် အသိအမှတ်ပြုခံရသော သုတေသနဌာနကြီးများဖြင့် ကျောထောက် နောက်ခံပြုထားသည့် ၎င်း၏ ခိုင်မာသော သုတေသနစနစ်သည် သိသာထင်ရှားသော လူမှုရေး အကျိုးကျေးဇူးများဖြင့် တိုးတက်မှုများကို အဆက်မပြတ် ဖန်တီးပေးလျက် ရှိသည်။ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများနှင့် နိုင်ငံတကာအဆင့်မီအောင် လုပ်ဆောင်ခြင်းဖြင့် ဤ UPLB ဘွဲ့လွန်သင်တန်းကျောင်းသည် ပညာရှင်အဆင့် ခေါင်း ဆောင်မှုနှင့် ဆန်းသစ်တီထွင်မှုများကို မြှင့်တင်ပေးရုံသာမက စိုက်ပျိုးမွေးမြူရေးနှင့် သဘာဝ ပတ်ဝန်းကျင် ကဏ္ဍများတွင် အထူးသဖြင့် ဘက်စုံပါဝင်သော ကြီးထွားမှုနှင့် ပြောင်းလဲမှုအတွက် အရေးပါသော ဌာနကြီးတစ်ခု အဖြစ်လည်း ဆောင်ရွက်လျက်ရှိသည်။

### စာရေးသူ၏အတွေးတစ်စ

ဘွဲ့လွန်သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ရန်က တက္ကသိုလ်များတွင် ဘွဲ့လွန် ကျောင်းသား/သူ များစွာရှိရပါမည်။ ဘွဲ့လွန် သုတေသနများကို ကြီးကြပ်၊ လမ်းညွှန် (Supervision) ပေးရန် အရည်အချင်း ပြည့်မီသော ပညာရှင် (Qualified Academicians/ Experts/Scientists/ Professionals) များစွာလည်း လိုအပ်နေပါသေးသည်။

(မှတ်ချက် - ၂၀၂၄-၂၅ ပညာသင်နှစ်၌ အမေရိကန်နိုင်ငံ၊ ကော်နယ်တက္ကသိုလ်တွင် ဘွဲ့လွန်ကျောင်းသား/သူပေါင်း ၁၀၆၆၅ ဦး၊ နယ်သာလန်နိုင်ငံ၊ ဗာဂန်နီကန် တက္ကသိုလ် တွင် မဟာသိပ္ပံ ၇၁၆၄ဦး၊ ပါရဂူဘွဲ့ ၂၄၆၃ဦး ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဖိလစ်ပိုင် တက္ကသိုလ်၊ လော့စ်ဘာညို့ တွင် ဘွဲ့လွန်ကျောင်းသား/သူပေါင်း ၂၄၉၄ ဦး (၂၀၁၉ ခုနှစ်) တွင်ရှိနေ ခြင်းနှင့် မြန်မာနိုင်ငံစိုက်ပျိုး၊ မွေးမြူ သစ်တော တက္ကသိုလ်များ တွင် ဘွဲ့လွန်ကျောင်း သား/သူ ရာဂဏန်းမျှသာရှိနေခြင်းက နှိုင်းယှဉ်ရလျှင် စိန်ခေါ်မှု တစ်ရပ်ဖြစ်နေပါသည်။ ၁၉၆၄-ခုနှစ် မတိုင်မီက စိုက်ပျိုးရေးမဟာဌာန (Faculty of Agriculture) ရှိသော မန္တလေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်များသည် ဘာသာရပ်စုံသင်တက္ကသိုလ် (Comprehensive University) ဖြစ်ပြီး ၁၉၆၄ ခုနှစ်နောက်ပိုင်း ဘာသာရပ်တစ်ခုချင်း စီသင်သော၊ တစ်နည်း စုစုပေါင်း ကျောင်းသား/သူဦးရေ ၁၀၀၀-၂၀၀၀ ခန့်သာရှိသော တက္ကသိုလ်သေးသေး လေးတွေဖြစ်ကုန်ပါသည်။အနာဂတ်တက္ကသိုလ်များကကျောင်းသား/ကျောင်းသူဦးရေ ၂၀၀၀၀ မှ ၅၀၀၀၀ (နှစ်သောင်းမှငါးသောင်းကျော်)၊ဘွဲ့လွန်ကျောင်းသား /သူဦးရေ ထောင်ဂဏန်းကျော် နိုင်ငံတကာ အဆင့်မီစိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်များပုံစံဘဝ ပြန်ရောက်ရန် ကြိုးစားရပါဦးမည်)။

'တစ်နေ့တစ်လံ၊ ပုဂံဘယ်ပြေးမလဲ'

**ဒေါက်တာမျိုးကြွယ်**

(ဆက်လက်ဖော်ပြပါမည်)

စာ-၉ မှ

စိုက်ပျိုးသော လုပ်ငန်းပြီးဆုံး၍ နားနားနေနေဖြစ်နေကြောင်းကို"ဝါခေါင် မိုးစိပ် ထွန်တုံးပိတ်" စသည်ဖြင့် မြန်မာ့ရိုးရာ ဓလေ့ကိုပေါ်လွင်စေသော စကားရပ်လေးများအဖြစ် နှစ်လို ဖွယ်တွေ့ရှိနိုင်ပါ သည်။

မျက်မှောက်ခေတ်ကာလသည်ခေတ်မီစိုက်ပျိုးရေး နည်းပညာများကို အသုံးပြုလာခြင်းအားဖြင့် သီးနှံအထွက်တိုး၍ စားရေရိက္ခာဖူလုံရေး အလေးထားဆောင်ရွက်ကြရသည်။ ထိုသို့ ခေတ်မီ နည်းစနစ် များတွင်ကျယ်လာသော်လည်း မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင်လည်းကောင်း၊ စားဝတ်နေရေး၊ လူမှုဆက်ဆံရေးကိစ္စတို့နှင့်စပ်လျဉ်း၍ တိုင်းတစ်ပါးယဉ်ကျေးမှုများ အရှိန်အဟုန်ဖြင့် ဝင်ရောက်လာရာတွင်လည်းကောင်း ကိုးကွယ်သည့်ဘာသာအယူဝါဒ ထုံးတမ်းစဉ်လာအရ "ရှေးထုံးပယ်လျှင်လွဲတတ်သည်၊ ဈေးသုံးကြွယ်လျှင်မွဲတတ်သည်" ဆိုသကဲ့သို့ ဘိုးဘွားများ လမ်းညွှန်ခဲ့သော အဆိုပါ စကားရပ်ကလေးများကို မြန်မာမှုနယ်ပယ်တွင် ဆက်လက်ရှင်သန်စေရန် တန်ဖိုးထား လိုက်နာကျင့်သုံး ကြရမည်ဖြစ်ပါသည်။

**ခင်ပြုံးဝင်း (မြန်မာစာ)**

မြန်မာစာအဖွဲ့။ (၁၉၉၆) ။ မြန်မာဆိုရိုးစကား ။ ရန်ကုန်၊တက္ကသိုလ်များပုံနှိပ်တိုက်။
မြန်မာစာအဖွဲ့။(၁၉၉၆) ။ မြန်မာစကားပုံ ၊ တတိယအကြိမ်။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။
မြန်မာစာအဖွဲ့။ (၂၀၂၁) ။ မြန်မာအဘိဓာန် ။ ရန်ကုန်၊ စရဏပုံနှိပ်တိုက် ။




၂၆-၉-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်ဈေးကွက်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင်ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းအဟောင်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၅၃၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၅၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရွှေဘိုပေါ်ဆန်း ဆန်သစ် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၄၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၃၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း ဆန်ဟောင်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်နှုန်းနှင့်ဖြင့်လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧယာဆန်သစ်အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၅၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင်၅၃၀၀၀ကျပ်နှုန်းဖြင့် လည်းကောင်း၊ ဧည့်မထဆန် ၂၅ ရာခိုင်နှုန်း အကြမ်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၅၁၀၀၀ ကျပ်နှုန်းနှင့်အောက်စတစ်အိတ်လျှင် ၅၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ငစိန်ဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၆၃၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၆၁၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း အသီးသီး ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ ဆန်ဟောင်း လက်ကျန်နည်းလာချိန်ဖြစ်သော်လည်း နယ်ကျော်၍သယ်ဆောင်မှုနည်းခြင်းနှင့် ဒေသတွင်း ဝယ်လိုအားနည်းခြင်းတို့ကြောင့် လှောင်စပါးများ လက်ကျန်များကာ ရောင်းလို အားများခြင်း၊ လတ်တလောကြိတ်ခွဲထားသော ဆန်ဟောင်းကြိတ်သစ်များလည်း ဈေးကွက်သို့ ကုန်အဝင်ရှိခြင်း၊ မိုးစပါးသစ်များ ရိတ်သိမ်းချိန်ဖြစ်၍ ဆန်သစ်အချို့ ဈေးကွက်သို့ ဝင်ရောက် လာချိန်ဖြစ်ခြင်း၊ ဆန်သစ်များ အစိုဓာတ်ရှိခြင်း နှင့် အဝင်မလှိုင်မီ ရောင်းလိုအားများခြင်းတို့ ဈေးကွက်အတွင်းဖြစ်ပေါ်ခဲ့သည်။ အထက်ပါအခြေအနေများကြောင့် ယခင်လဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ရွှေဘိုပေါ်ဆန်း၊ ဖျာပုံပေါ်ဆန်း၊ ပေါ်ကျွဲ၊ ငစိန်စသော ဆန်အမျိုးအစားများမှာ ယခင်လ၏ဈေးနှုန်းများအတိုင်း ယခုစက်တင်ဘာလကုန်ရက်များတိုင်အောင် တည်ငြိမ်နေခဲ့ကြောင်း သိရသည်။ ဆန်သစ် အဝင်ရှိသော ဧည့်မထ၊ ဧယာ အမျိုးအစားများမှာလည်း ယခင်လထက် ဈေးနိမ့်ခဲ့သော်လည်း စက်တင်ဘာလဆန်းမှ လကုန်ရက်များတိုင်အောင် ဖော်ပြပါ ဈေးနှုန်း များအတိုင်း တည်ငြိမ်နေ ခဲ့ခြင်းဖြစ်သည်။ ပြည်ပပို့ဆန်ဈေးကွက်လည်း အိမ်နီးချင်းနိုင်ငံများ၏ ပြည်ပပို့ဆန်ဈေးနှုန်း များမှာအိန္ဒိယနိုင်ငံ၏ ရူပီငွေတန်ဖိုး ကျဆင်းနေခြင်း၊ ဆန်ဟောင်းလက်ကျန်များခြင်းအပြင် ဆန်သစ်များလည်း ဝင်ရောက်လာချိန်ဖြစ်ခြင်း၊ ဝယ်လက်များ၏ ဝယ်လိုအားနည်းနေသေးခြင်းတို့ကြောင့် အိန္ဒိယနှင့်ထိုင်းနိုင်ငံ၏ ပြည်ပပို့ဆန်များ အရောင်းအဝယ်အေးကာ ဈေးနိမ့်လျက်ရှိသည်။ အလားတူပင် မြန်မာနိုင်ငံ၏ ပြည်ပပို့ဆန် များမှာလည်း ပြည်ပတင်ပို့မှုရှိသော်လည်း ဈေးအနိမ့်တွင် တည်ငြိမ်လျက် ရှိသည်။လာမည့် အောက်တိုဘာလမှ စတင်ကာ ပိုမိုတင်ပို့ရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း တို့မှလည်း သင့်တင့်မျှတသောဈေးနှုန်းများဖြင့် ဆန်ချော၊ ဆန်ကြမ်းများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်း ချပေးလျက်ရှိသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင် ရောက်မှုပုံမှန်ရှိကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့ အကောက်ခွန်လွတ်တင်သွင်းခွင့်ကာလ ကုန်ဆုံးခဲ့ပြီးဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲများနှင့်အတူ ကမ္ဘာ့ ရွှေဈေးနှင့် ဒေါ်လာငွေလဲနှုန်း မတည်ငြိမ်မှုများကြောင့်လည်းကောင်း၊ နယ်စပ်ဂိတ်များမှလည်း ကုန်စည်စီးဆင်းမှုမရှိခြင်းကြောင့်လည်းကောင်း၊ မုန်တိုင်းမိုးများ ရွာသွန်းကာလဖြစ်၍ အရောင်း အဝယ်အေးခြင်းကြောင့်လည်းကောင်း၊ ပြည်တွင်းအစာစပ်လုပ်ငန်းများမှ ဝယ်ယူမှုနည်းခြင်းကြောင့်လည်းကောင်း၊ တောင်သူများမှ ရောင်းလိုအားများနေခြင်းကြောင့်လည်းကောင်း၊ အစေ့ထုတ်ပြောင်းဈေးနှုန်းများ ယခင်အပတ်ထက် ဆက်လက်ဈေးနိမ့်လာခဲ့သည်။ အစေ့ထုတ် ပြောင်း ၅၄ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၈၄၇၈၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၈၄၂၄၀ ကျပ်သို့ရောက်ရှိဈေးနိမ့်လာခဲ့သည်။ ဇွန်လတတိယရက်သတ္တပတ်မှ စတင်ကာ ယခု စက်တင်ဘာစတုတ္ထပတ်တိုင်အောင် အဆင့်ဆင့်ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။

## ပဲမျိုးစုံဈေးကွက်

ပဲမျိုးစုံ အဓိက ဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် စားသုံးသူများ၏ ဝယ်လိုအားနည်းကာ မတ်ပဲဈေးကျနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယအစိုးရက ပြည်ပမှ ပဲစင်းငုံတင်သွင်းမှုကို အခွန်သက်သာခွင့်ဖြင့် လွတ်လပ်စွာတင်သွင်းခွင့် တစ်နှစ်ထပ်မံသက်တမ်းတိုးပေးထားခြင်းနှင့် ကုန်သည်များက ဝယ်လိုအား ထိန်းနေခြင်းကြောင့်လည်းကောင်း၊ မြန်မာ့လယ်ယာပို့ကုန်များ၏ ပြည်တွင်း ဈေးနှုန်းများ အကျဘက်သို့ ပြောင်းလဲလာခြင်းကြောင့်လည်းကောင်း၊ မတ်ပဲ(သဘော်တင်) နှင့် ပဲစင်းငုံ(သဘော်တင်) ဈေးနှုန်းများ ယခင်အပတ်ထက်ဈေးနိမ့်ခဲ့သည်။ မတ်ပဲ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၉၁၈၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၉၁၀၀၀၀ ကျပ်သို့လည်းကောင်း၊ ပဲစင်းငုံ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၂၄၄၀၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၄၃၀၀၀၀ ကျပ်သို့လည်းကောင်း အသီးသီးရောက်ရှိ ဈေးနိမ့်ခဲ့ကြသည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက် ရှိခဲ့ပြီး မတ်ပဲ(သဘော်တင်)မှာ ကုန်သေတ္တာ ၁၁၅ လုံးနှင့် ပဲစင်းငုံ(သဘော်တင်)မှာ ကုန်သေတ္တာ ၂၅ လုံးခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ပဲတီရွှေဝါမှာ အရောင်း အဝယ်အေးကာ ယခင်အပတ်ထက် ဆက်လက်ဈေးနိမ့်လာခဲ့သည်။ ပဲတီရွှေဝါ ၃ တင်း/၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၄၁၀၄၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေး နှုန်းမှာ ၄၀၅၄၅၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ အလားတူပင် ထောပတ်ပဲနှင့် ကုလားပဲမှာ ပြည်တွင်းသုံးစွဲမှုသာရှိခြင်းနှင့် ဝယ်ယူစားသုံးမှုနည်းခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးနိမ့် ခဲ့သည်။ ထောပတ်ပဲ ၃ တင်း/ ၆၀ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၂၀၈၀၀ ကျပ် ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၁၀၃၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ကုလားပဲတစ်ပိဿာ လျှင် ယခင်အပတ်ဈေးနှုန်းမှာ ၄၄၀၅ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၂၉၈ ကျပ်သို့ရောက် ရှိဈေးနိမ့်ခဲ့သည်။ ကုလားပဲတစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၄၄၀၅ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၂၉၈ ကျပ်သို့ရောက်ရှိ ဈေးနိမ့်ခဲ့သည်။ စိုက်ပျိုးထွက်ရှိမှုနည်းသော ပဲလွမ်းဖြူ၊ ပဲပုတ်၊ ဘိုကိတ်ပဲများမှာ ပဲဟောင်းလက်ကျန်နည်းလာချိန်ဖြစ်ခြင်းနှင့် အရောင်းအဝယ် အေးခြင်းတို့ကြောင့် ရောင်းလိုအား၊ ဝယ်လိုအားမျှကာ ယခင်အပတ်ဈေးနှုန်းများဖြင့် သာ ဈေးငြိမ်၊ အရောင်းအဝယ်အေးခဲ့သည်။ ပဲလွမ်းဖြူ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၂၆၇၄၅၀ ကျပ်ဖြစ်ပြီး၊ ပဲပုတ်ပဲ ၃တင်း/၆၀ ပိဿာလျှင် ပျမ်းမျှ ဈေးနှုန်းမှာ ၃၄၇၅၅၀ ကျပ် ဖြစ်သည်။ ဘိုကိတ်ပဲ ၃ တင်း/၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၂၂၂၉၀၀ ကျပ်ဖြစ်သည်။

## စားသုံးဆီဈေးကွက်

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သောနိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်း များအပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ် မှုကော်မတီ၏ ၂၀၂၅ စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ကုန်ဆုံးသောကာလအတွင်း ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာ လျှင် ၆၆၁၀ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းမှာလည်း ၆၆၁၀ ကျပ်ပင်ဖြစ်သည်။ ဇူလိုင် စတုတ္ထအပတ်၏ဈေးနှုန်းဖြစ်သော ၆၀၅၅ ကျပ်မှ စတင်ကာ တဖြည်းဖြည်း ဈေးမြင့်လာခဲ့ ခြင်းဖြစ်သည်။

**အေးသန္တာဝင်း**

## ဆန်ဈေးကွက်

ရန်ကုန်ပေါ်ဆန်း၊ ရွှေဘိုပေါ်ဆန်းတို့မှာ လက်ကျန် နည်းသွားသော်လည်း မြို့တွင်းစားသုံးရန်ဝယ်ယူမှုနည်းခြင်းကြောင့် ရန်ကုန်ပေါ်ဆန်း တစ်အိတ် ၁၂၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီးဒေသတစ်ခုတည်းမှထွက်ခြင်း၊ လက်ကျန်နည်းခြင်း ကြောင့် တစ်အိတ် ၁၅၀၀၀၀ကျပ်မှ ၁၅၅၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ မနောသုခဆန်မှာ အသစ်အဝင်နည်းသွားခြင်း၊ မြို့တွင်းလူလတ်တန်းစားသုံးဆန်ဖြစ်ခြင်းကြောင့် ယခင်အပတ် ၇၅၀၀၀ ကျပ်မှ ၇၈၀၀၀ကျပ်သို့ ဈေးမသိမသာ မြင့်သွားသည်။

ဧယာဆန်နှင့် ငစိန်ဆန်မှာ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ဝင်ရောက်ပြီး နွေစပါးအသစ်များဝင်ရောက် ခြင်းကြောင့် လုပ်ငန်းသမား၊ မုန့်လုပ်ငန်းသမားအဝယ်ပုံမှန်ရှိသော်လည်း တစ်အိတ် ၆၀၀၀၀ကျပ် ဖြင့် ဈေးတည်ငြိမ်နေပြီး၊ ဧယာဆန်မှာ အဟောင်းလက်ကျန်နည်းသွားပြီး အသစ်များသာဝင်ရောက်မှုများလာ ခြင်းကြောင့် တစ်အိတ် ၇၀၀၀၀ကျပ်မှ ၇၂၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ရောမင်းဆန်မှာ အဝင်ပုံမှန် မြို့တွင်းသုံးပုံမှန်ရှိခြင်း နယ်ဝေးတင်ပို့ရမှုနည်းခြင်းကြောင့် တစ်အိတ် ၁၃၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ သယ်ယူစရိတ်အနေဖြင့် ဆန်အိတ်အနည်းအများပေါ်မူတည်၍ ရန်ကုန်မှ မန္တလေးတစ်အိတ် ၄၀၀၀မှ ၅၀၀၀ကျပ်၊ ရွှေဘိုမှ မန္တလေး တစ်အိတ် ၄၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။

## ဆီထွက်သီးနှံဈေးကွက်

မြေပဲ(လုံးဆံ)မှာ မိုးမြေပဲ စတင်ဝင်ရောက်မှုရှိခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားမှုရှိခြင်းကြောင့် နွားထိုးလုံးဆံ ၁၀၀ ပိဿာ ၈၂၀၀၀၀ကျပ်၊ မြင်းခြံ(လုံးဆံ) ၇၈၀၀၀၀ကျပ်ဖြင့် လုပ်ငန်းသမားများ ပုံမှန်ဝယ်ယူမှုရှိသည်။ မြေပဲ (ဆီဆံ)မှာ အသစ်များဝင် ရောက်မှုရှိပြီး အစိုဓာတ်ပါဝင်မှုပေါ်မူတည်၍ အရည်အသွေးအကောင်းဆုံး ၁၀၀ ပိဿာ ၇၆၀၀၀၀ ကျပ်မှ အနိမ့်ဆုံး ၇၃၀၀၀၀ကျပ်ထိ ဈေးအမျိုးမျိုးနှင့် လုပ်ငန်းသမား၊ လှောင်သမားများ ဝယ်ယူမှုရှိသည်။

နှမ်းမျိုးစုံဈေးနှုန်းများအနေဖြင့် နှမ်းဖြူမှာ လုပ်ငန်းသမားအဝယ်သာရှိခြင်း၊ အသစ်များဝင်ရောက်မှု ရှိခြင်း၊ ငွေဈေးအတက်အကျမမှန်ခြင်းကြောင့် ယခင်အပတ် ၄၅ ပိဿာ ၂၈၀၀၀၀ကျပ်မှ ၂၇၀၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ နှမ်းညိုမှာ အသစ်ဝင်ရောက်ခြင်း၊ နှမ်းကြား(သစ်)များလည်း ဝင်ရောက်ခြင်း ကြောင့် ဆီစက်သမားအဝယ်ပုံမှန်ရှိသော်လည်း ၄၅ ပိဿာ အရည်အသွေးအကောင်းဆုံး ၂၇၅၀၀၀ကျပ်မှ ၂၇၀၀၀၀ ကျပ်သို့

၁၆၀၀၀မှ ၁၂၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ အရည်အသွေးညံ့သွားခြင်း၊ နယ်ဝေးတင်ပို့ရမှုမရှိခြင်းကြောင့် အရည်အသွေးအနိမ့်ဆုံး တစ်ပိဿာ ၃၀၀၀ကျပ်မှ ၁၅၀၀ကျပ်သို့ လည်းကောင်း၊ အကောင်းဆုံး တစ်ပိဿာ ၇၀၀၀ကျပ် ၆၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ရွှေဘို ရွှေပန်းကုံးမှ မြန်မာကြက်သွန်ဖြူများမှာ ကြက်သွန်ဖြူ(တရုတ်)နှင့် (ရှမ်း) ဈေးနိမ့်ခြင်း၊ မြို့တွင်းစားသုံးမှုသာ ရှိခြင်းကြောင့် ယခင်အပတ်အကောင်းဆုံးတစ်ပိဿာ ၁၅၀၀၀ကျပ်မှ ၉၀၀၀ကျပ်သို့လည်းကောင်း အညံ့ဆုံး တစ်ပိဿာ ၉၀၀၀ ကျပ်မှ ၆၀၀၀ကျပ်သို့ ဈေးသိသိသာသာနိမ့်သွားသည်။

အာလူးဈေးနှုန်းမှာ တရုတ်သီးအဝင်မရှိဘဲ အောင်ပန်းသီးများသာ ဝင်ရောက်မှုရှိပြီး တစ်ပိဿာ အသေးဆုံး ၂၅၀၀ကျပ်မှ အကောင်းဆုံး တစ်ပိဿာ ၇၀၀၀ကျပ်ထိ ဈေးမြင့်နေသည်။

## ပဲမျိုးစုံဈေးကွက်

ပဲမျိုးစုံတို့အနက် မတ်ပဲဈေးနှုန်းမှာ ကျောက်ရစ်ပဲမှာ ရန်ကုန်ဈေးနိမ့်သဖြင့် ဈေးချဝယ်ယူခြင်း၊ အရောင်းအဝယ်အေးခြင်းကြောင့် ၃တင်းတစ်အိတ် ၂၇၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ခြံပဲများလည်း ခွဲစက်များအဝယ်နည်းခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၂၆၅၀၀၀ ကျပ်မှ ၂၄၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ပဲတီစိမ်းဈေးနှုန်းမှာ မိုးပဲများအဝင်ရှိခြင်း၊ ဒေသအလိုက်အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားမှုရှိ ခြင်း၊ ခွဲစက်များနှင့် လှောင်သမားအဝယ်ရှိခြင်းကြောင့် အရည်အသွေးအညံ့ဆုံး ၂၈၀၀၀၀ကျပ်ဖြင့် ဈေးတည် ငြိမ်နေပြီး အရည်အသွေးအကောင်းဆုံးမှာ ၃တင်းတစ်အိတ် ၃၁၀၀၀၀ ကျပ်မှ ၃၄၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲစဥ်ငုံ(ဖြူ/နီ)တို့မှာ ပဲခွဲစက်နှင့် ရန်ကုန်ဝယ်လက်နည်းခြင်း အရောင်းအဝယ်အေးခြင်းကြောင့် ပဲစဉ်းငုံ(နီ) ၃တင်းတစ်အိတ် ၂၃၅၀၀၀ကျပ်မှ ၂၂၃၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး ပဲစဉ်းငုံ(ဖြူ)မှာ ၃တင်းတစ်အိတ် ၂၂၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲပုတ်(မြန်မာ)မှာ မိုးပဲမဝင်သေးခြင်းကြောင့် လုပ်ငန်းသမား အဝယ်ပုံမှန်ရှိပြီး ဈေးတည်ငြိမ်နေသည်။ ပဲပုတ်(ရှမ်း)မှာ မိုးပဲပုတ် မဝင်သေး ခြင်း၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၂၆၅၀၀၀ကျပ် မှ ၂၈၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ကုလားပဲဈေးနှုန်းများအနေဖြင့် ကုလားပဲ(လုံးဖြူကြီး)မှာ အဝင်ပုံမှန်ရှိပြီး လုပ်ငန်းသမား အဝယ် နည်းခြင်းကြောင့် ၂၄၀၀၀၀ကျပ်ဖြင့် ဈေးနိမ့်

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၂၆-၉-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




ဈေးနိမ့်သွားသည်။ နှမ်းနက်(စမုံ)မှာ ရိုးရိုးနှမ်းနက်မှာ မိုးနှမ်းသစ်များဝင်ရောက်ခြင်း၊ ငွေဈေးအတက်အကျမမှန်ခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၇၅၀၀၀၀ကျပ်မှ ၇၀၀၀၀၀ကျပ်၊ အက်ဆစ်ပါဝင်မှုအနည်း ဆုံး ၇၅၀၀၀၀ကျပ်ဖြင့် ပုံမှန်ရောင်းဝယ်မှုရှိသည်။ ပန်းနှမ်းမှာ အထွက်နည်း၊ အဝင်နည်း၊ ဈေးမြင့်ခြင်းကြောင့် အရောင်းအဝယ်ဖြစ်မှုမရှိခြင်းကြောင့် လဆန်းပိုင်းဈေးနှုန်းအတိုင်း ၄၅ ပိဿာ ၂၉၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နေကြာဈေးနှုန်းမှာ မိုးနေကြာအဝင်ရှိခြင်း၊ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၂၇ ပိဿာ ၁၈၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံဈေးကွက်

ငရုတ်ခြောက်(ရှည်)များ ပျော်ဘွယ်၊ ကျောက်ဆည်၊ ရမည်းသင်းတို့မှ ဝင်ရောက်ခြင်း၊ အဝင်နည်းသေးခြင်းကြောင့် တစ်ပိဿာ ၁၂၀၀၀ကျပ် ဈေးရှိ ပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် ဧရာဝတီတိုင်းမှ ဝင်ရောက်သော ပန်းရဲ(ရှည်)မှာ ၁၃၀၀၀ကျပ် ဈေးရှိသည်။ ငရုတ်ခြောက်(ပွ)မှာ ဧရာဝတီ Air con ဖြင့် ထားသော အပွသီးများဖြစ်၍ တစ်ပိဿာ ၂၅၀၀၀ကျပ်ထိ ဈေးမြင့်နေသည်။

ကြက်သွန်နီမှာ မုံရွာ၊ ထီးဆောင်၊ မြင်းခြံနယ်စုံမှ အဝင်များသော်လည်း မန္တလေးဝန်းကျင်သို့ ရုံဖန်ရုံခါ တင်ပို့ရမှုရှိခြင်းကြောင့် ကြီးတစ်ပိဿာ ၁၅၀၀ကျပ်မှ ၁၇၀၀ကျပ်၊ လတ်တစ်ပိဿာ ၁၂၀၀ကျပ်မှ ၁၄၀၀ကျပ်၊ သေးတစ်ပိဿာ ၇၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ကြက်သွန်ဖြူ(တရုတ်)လမ်းပမ်းဆက်သွယ်ရေးအရ ဝင်ရောက်မှုရှိခဲ့ပြီး နယ်ဝေးတင်ပို့ရမှုနည်းခြင်း ကြောင့် ယခင်အပတ်တစ်ပိဿာ

နေပြီး လုံးဝါကြီးမှာလည်း မိုးများ ဟင်းသီး/ရွက်ပေါ်ချိန်၊ ပဲစိုများပေါ်ချိန်၊ အလှူပွဲနည်းခြင်းကြောင့် ပဲခွဲစက်များအဝယ်နည်းပြီး ၃တင်းတစ်အိတ် ၂၃၈၀၀၀ကျပ်မှ ၂၂၈၀၀၀ကျပ်သို့ ဈေးသိသာစွာနိမ့်သွားသည်။ ခွဲခြမ်းမှာ တစ်ပိဿာ ၅၉၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲယင်းဈေးအနေဖြင့် အဝင်ပုံမှန် အရောင်းအဝယ်ပုံမှန်၊ ပဲခွဲစက်နှင့် ကြာဇံသမားအဝယ်ပုံမှန်ရှိခြင်း ကြောင့် ၃တင်းတစ်အိတ် ၂၃၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မြေတောက်ပဲမှာ မုံရွာနှင့် အညာမှ ဝင်ရောက်မှုရှိခြင်း၊ အဝင်ပုံမှန်မြို့တွင်း ပဲကြော်/လှော်သမားနှင့် အဝေးတင်ပို့မှုအနည်းငယ်ရှိခြင်းကြောင့် မုံရွာပဲ ၃တင်း ၂၅၀၀၀၀ကျပ်၊ အညာပဲ ၂၈၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ စားတော်ပဲ(ကျွန်း)မှာ စားတော်ပဲ(ကနေဒါ) ဈေးမြင့်ခြင်း၊ ယူကရိန်းမဝင်သေးခြင်း၊ လက်လီသမားအဝယ်များခြင်း၊ လက်ကျန်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၆၆၀၀၀၀ ကျပ်မှ ၇၄၀၀၀၀ ကျပ်သို့ ဈေးများစွာ မြင့်သွားသည်။

ပဲကြီး(ကြီး/သေး)ဈေးနှုန်းမှာ မိုးပဲအသစ်များ ဝင်ရောက်ခြင်း၊ အဝင်နည်းခြင်း၊ ကျောက်ဆွဲနယ်မှ ဝင်ရောက်ပြီး အရည်အသွေးကောင်းခြင်းကြောင့် ၃တင်းတစ်အိတ် ၄၀၀၀၀၀ကျပ်မှ ၄၂၀၀၀၀ကျပ် ဈေးမြင့် သွားပြီး ပဲကြီး(သေး)မှာ အသစ်ဝင်သော်လည်း အဝင်နည်းသေးခြင်း၊ ပြည်တွင်းသုံးပဲကြော်/လှော်သမား ပုံမှန် ဝယ်ယူမှုရှိခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၃တင်းတစ်အိတ် ၃၀၀၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေပြီး ထောပတ်ပဲ(သေး)မှာ မိုးမြေပဲအဝင်ရှိခြင်း၊ လှောင်သမားထုတ်ရောင်းမှုရှိခြင်း၊ လက်လီသမားအဝယ်သာရှိ ခြင်းကြောင့် တစ်အိတ် ၂၀၀၀၀၀ ကျပ်မှ ၁၈၀၀၀၀ကျပ်သို့ ဈေး

စာ-၁၁ သို့



# သဘာဝကပေးအစာနှင့်ဆေး

# မျောက်ဥပင်

ကြူးမိုးငယ်

မျောက်ဥပင်ကို ဝေဟင်အာလူး၊ နွယ်အာလူးပင်ဟုလည်း လူသိများကြပြီး ယင်း၏ အင်္ဂလိပ်အမည်မှာ air potato, air yam, bitter yam, cheeky yam, potato yam, aerial yam နှင့် parsnip yam ဟု ခေါ်ဆိုကြ၏။ ယင်း၏ သိပ္ပံအမည်မှာ Dioscorea bulbifera ဟု ခေါ်ဆိုကြပြီး မျိုးရင်း Dioscoreaceae တွင်ပါဝင်၏။ မြောက်ဥပင်သည် အာဖရိက၊ အာရှနှင့် ဩစတြေးလျ မြောက်ပိုင်းတို့မှ စတင်ဖြစ်ထွန်း၏။နောက်ပိုင်းတွင် မျောက်ဥပင်ကို လက်တင်အမေရိက၊ အနောက်အင်ဒိစ်နိုင်ငံများ၊ အမေရိကန်အရှေ့တောင်ပိုင်း ဒေသတို့တွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာကြ၏။ မျောက်ဥပင်များသည် အိန္ဒိယ၊ မြန်မာ၊ သီဟိုဠ်ကျွန်း၊ တရုတ်နိုင်ငံတို့၏ အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသများ၌ အနှံ့အပြား ပေါက်ရောက်တတ်၏။ မျောက်ဥပင်သည် တောစပ်၊ လမ်းဘေးများ အပါအဝင် သဲနုံးပေါများသည့် နေရာများတွင် ပေါက်ရောက်သည်ကို တွေ့ရှိရ၏။ မြန်မာနိုင်ငံတွင် မျောက်ဥပင်ကို ကချင်၊ ချင်း၊ ရှမ်း၊ မန္တလေး၊ ရန်ကုန်နှင့် မွန်ပြည်နယ်တို့တွင် တွေ့ရှိနိုင်၏။

မျောက်ဥပင်သည် အစာများကို မြေအောက်ထဲတွင်သာမက လေထဲတွင်လည်း သိုလှောင်တတ်သည့် အပင်မျိုး ဖြစ်ပြီး ယင်းတွင် (လေရှူဥ) Aerial Tubers (Bulbils) များနှင့် မြေအောက်ဥ Underground Tubers များရှိသည့် အတွက် ယင်းကို ဝေဟင်အာလူးပင်ဟုလည်း ခေါ်ဝေါ်ကြခြင်းဖြစ်၏။ လေရှူဥနှင့် မြေအောက်ဥတို့အပါအဝင် အရွက်နှင့် ပင်စည်များတွင် အယ်လ်ကာလွိုက်များနှင့် အခြားသော ဆေးဖက်ဝင် အာနိသင်များ ပါရှိ၏။

မျောက်ဥပင်တွင် ကျယ်ပြန့်ပြီး နှလုံးပုံသဏ္ဌာန်အရွက်များရှိသော နှစ်ရှည်နွယ်ပင်ကြီးမျိုး ဖြစ်၏။ အပင်သည် အမွှာပင်စည်မျိုးဖြစ်ပြီး အရွက်ထောင့်များမှ ဝေဟင်အာလူးများ ဖြစ်ထွန်းလာပြီး မြေကြီးအောက်တွင် ဥများရှိ၏။ ဥများမှာ သေးငယ်ရှည်လျားပြီး အာလူးနှင့်ဆင်တူ၏။



မျောက်ဥပင်သည် တစ်နေ့လျှင် ပျမ်းမျှ ၈ လက်မခန့် အလွန်လျင်မြန်စွာ ကြီးထွားနိုင်ပြီး နောက်ဆုံးတွင် အရှည် ပေ ၆၀ကျော်အထိ ကြီးထွားဖွံ့ဖြိုးနိုင်၏။ မျောက်ဥပင်၏ ပင်စည်များသည် ဆောင်းရာသီတွင် ခြောက်သွေ့သွားသော်လည်း ဝေဟင်ဥများနှင့် မြေအောက်ဥများမှ မျိုးပွားနိုင်၏။

မျောက်ဥပင်သည် အာဟာရ အရင်းအမြစ်ကြွယ်ဝသောအပင်မျိုး ဖြစ်ပြီး အထူးသဖြင့် ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်းနှင့်အတူ သတ္တုဓာတ်များဖြစ်သည့် ကယ်လ်စီယမ်၊ သံဓာတ်၊ မဂ္ဂနီစီယမ်၊ ဖော့စ်ဖရပ်စ်၊ ဆိုဒီယမ်၊ ဇင့်နှင့် ပိုတက်စီယမ်တို့ မြင့်မားစွာပါဝင်ပြီး အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်၏။ ထို့အပြင် မရှိမဖြစ်လိုအပ်သော ဗီတာမင် များဖြစ်သည့် ဗီတာမင် အေ၊ ဗီတာမင် ဘီအုပ်စုဖြစ်သည့် ဘီဝမ်းခေါ် သိုင်ယာမင်၊ ဘီတူးခေါ် ရီဘိုဖလာဗင်နှင့် ဘီသရီးခေါ် နိုင်ရာစင်နှင့် ဗီတာမင်စီတို့လည်း ပါဝင်၏။ ထို့မျှသာမက ကျန်းမာရေးအကျိုးပြုဂုဏ်သတ္တိများရှိပြီး ဓာတ်တိုးဆန့်ကျင်ခြင်း အရင်းအမြစ်များ ဖြစ်သည့် ဖလေဗာနွိုက်၊ အယ်လ်ကာလွိုက်၊ ဆာပိုနင်နှင့် တန်နင်အပါအဝင် အခြားသော ဒြပ်ပေါင်းများစွာ ပါဝင်၏။

အာယုဗေဒဆေးပညာရပ်အရ မျောက်ဥပင်တွင် ကိုယ်လက်ရောင်ရမ်းနာကျင်ခြင်းကို ဆန့်ကျင်နိုင်စွမ်း၊ ဘက်တီးရီးယားပိုးများနှင့် ကပ်ပါးကောင်များကို တိုက်ဖျက်နိုင်စွမ်းနှင့် ဓာတ်တိုးခြင်းကိုဆန့်ကျင်နိုင်စွမ်း ဂုဏ်သတ္တိများရှိ သည့်အပြင် ဆီးချိုရောဂါ၊ အရေပြားရောဂါများနှင့် အရေပြားပေါ်တွင်ဖြစ်ပွားတတ်သော အနာများအတွက် ကုသခြင်း၊ ဝမ်းကိုက်ခြင်းနှင့် အဆိပ်သင့်ခြင်းတို့အတွက် ဆေးအဖြစ်အသုံးပြုကြ၏။ ထို့အပြင် အစာခြေလမ်းကြောင်းဆိုင်ရာ လုပ်ငန်းစဉ်များကောင်းမွန်စေခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ ဗိုက်အောင့်ခြင်းနှင့် အဆိပ်အတောက်များကို ဖယ်ရှား ရန်အတွက် အသုံးပြု၏။ ချောင်းဆိုးခြင်း၊ အအေးမိခြင်းနှင့် လည်ချောင်းနာခြင်း စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးအတွက်လည်း ဆေးအဖြစ် အသုံးပြုကြ၏။ ကင်ဆာဆဲလ်များ ကွဲပွားခြင်းကို ဟန့်တားနိုင်စွမ်းကြောင့် ကင်ဆာရောဂါအတွက် ဆေးအဖြစ် အသုံးပြုကြ၏။



- မျောက်ဥပင်တွင် ဖလေဗာနွိုက်နှင့် အတူ အခြားသော ဖီနိုလစ်ဒြပ်ပေါင်းများ ကြွယ်ဝစွာပါဝင်ခြင်းကြောင့် ခန္ဓာကိုယ် အတွင်း ဖရီးရယ်ဒီကယ်များကြောင့် ဖြစ်ပေါ်လာသော ဆဲလ်များပျက်စီးခြင်းမှ ကာကွယ်ပေးနိုင်စွမ်းရှိ၏။
- မျောက်ဥပင်တွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်ခြင်းကြောင့် အစာအိမ်နှင့်အူလမ်းကြောင်းလုပ်ငန်းစဉ်ဖြစ်သည့် အစာခြေခြင်းကို အထောက်အကူပြုပြီး ဝမ်းမှန်စေကာ ဝမ်းချုပ်ခြင်းကို သက်သာစေနိုင်စွမ်းရှိ၏။
- မျောက်ဥပင်တွင် ကယ်လ်စီယမ်၊ မဂ္ဂနီဆီယမ်နှင့် ဇင့် အစရှိသော အာဟာရဓာတ်များကြွယ်ဝစွာပါဝင်ခြင်းကြောင့် ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်စွမ်းရှိ၏။
- မျောက်ဥပင်တွင် ကစီဓာတ်ပါဝင်ခြင်းကြောင့်ကိုယ်ခံစွမ်းအားကောင်းမွန်စေရန် ပံ့ပိုးပေးနိုင်သည့်အပြင် သွေးအတွင်း ဂလူးကိုစ့်စုပ်ယူမှုကို နှေးကွေးစေပြီး သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိပေးနိုင်စွမ်းရှိ၏။
- မျောက်ဥပင်တွင်ပါဝင်သည့် Diosgenin သည် အသည်းရောင်



အသားဝါဆဲလ်များ၏ လုပ်ဆောင်မှုကိုဟန့်တားနိုင်စွမ်းကြောင့် အသည်းအဆီဖုံးခြင်းကို တားဆီးပေးနိုင်၏။
- မျောက်ဥပင်တွင် သွေးပေါင်ချိန်ကို ထိန်းညှိပေးပြီး ကိုလက်စထရောပမာဏကို လျှော့ချပေးနိုင်သော ဒြပ်ပေါင်းများပါဝင်ပြီး နှလုံးကျန်းမာရေးကို အထောက်အကူပြု၏။

မျောက်ဥကို အလွယ်တကူ ဝယ်ယူရရှိနိုင်၏။ အိမ်ခြံဝင်းထဲ စိုက်ထားလျှင်လည်း ဥများကို တူးဖော်ပြီး အေး၍ခြောက်သွေ့သော နေရာတွင် သိုလှောင်ထားနိုင်၏။ အပင်သက်တမ်းရင့်သလောက် ဥများ၏ ဖေးပိုင်မှု၊ အရသာရှိမှုလည်း မတူညီကြပေ။ ဝေဟင်အာလူးကိုမူ အပင်နွမ်းခြောက်သွားချိန်မတိုင်မီ ခူးဆွတ်သိုလှောင် သိမ်းဆည်းထားနိုင်၏။ မျောက်ဥကို ဟင်းလျာအတွက် ပြင်ဆင်သည့်အခါ အပြင်ဘက်ရှိ အခွံများကို အသေအချာ ဖယ်ရှား၊ သန့်စင်အောင် ဆေးကြောပြီးနောက် နှစ်သက်သည့်အရွယ်လီးဖြတ်ကာ နှနှင်းမှုန့်ထည့်ထားသော ရေထဲတွင် စိမ်ထားသင့်၏။
- မျောက်ဥ (ဝေဟင်အာလူး) ကို ကန်စွန်းဥကဲ့သို့ ပြုတ်ပြီး အခွံနွှာပြီးလျှင် နှမ်းဆီ/ပဲဆီထဲ ဆားထည့်ကာ တို့စားကြ၏။
- အညာဒေသတွင် ဆောင်းရာသီကာလ မီးလှုံရင်း ဝေဟင်အာလူးကို မီးပုံထဲထည့်ပြီး မီးဖုတ်ကာ စားတတ်ကြ၏။
- မျောက်ဥကို နှစ်သက်ရာ ကြက်သား/ဝက်သားတို့နှင့် ရောပြီး ဆီပြန်ဟင်းချက်စားနိုင်၏။
- မျောက်ဥကို ငါး/ပုစွန်တို့နှင့် ချဉ်စပ်ဟင်းလျာလေး ချက်စားနိုင်၏။ ဟင်းအိုးချခါနီး ပင်စိမ်းရွက်၊ ရှမ်းနံနံလေးအုပ်လိုက်လျှင် အနံ့အရသာ ပြည့်စုံလှသော ဟင်းလျာတစ်ပွဲဖြစ်စေ၏။
- ပုစွန်အစို/ပုစွန်ခြောက်/ ငါးမီးအုံး/ ငါးကျည်းကြပ်တိုက်တို့ကို ကြက်

စာ-၆ သို့

ကျောဖုံးမှ-

သည်-

**(၁) ပြည်သူတစ်ဦးချင်း ကောင်းမွန်သောတစ်ကိုယ်ရေ ကျန်းမာသန့်ရှင်းရေးကျင့်စဉ်များ လိုက်နာ ကျင့်သုံးခြင်း၊**

- အပေါ့/အလေးများသွားရန် ယင်လုံအိမ်သာများ အသုံးပြုရန်၊
- အိမ်သာတက်ပြီးနောက်၊ ကလေး၏ အညစ်အကြေးများ ကိုင်တွယ်ပြီးနောက်၊ တိရစ္ဆာန်များ ထိတွေ့ကိုင်တွယ်ပြီးနောက် မိမိလက်အား သေချာစွာ ဆပ်ပြာဖြင့် ရေသန့်စင် ဆေးကြောပြီး ခြောက်သွေ့အောင် လက်ကိုင်ပဝါဖြင့် သန့်စင်ရန်၊
- ငါးကန်အနီးတွင် အလုပ်လုပ်ကိုင်သောအခါ မိမိ၌ ဒဏ်ရာအနာတရများရှိပါက သေချာစွာ ဖုံးထားရန်၊
- မွေးမြူထားသော ငါးများဖမ်းဆီးခြင်းနှင့် ငါးမွေးကန်အနီး တစ်ဝိုက် အလုပ်လုပ်ကိုင်ပြီးနောက် မိမိ၏အဝတ်အစားများ လဲလှယ်ပြီး မိမိ၏လက်ကို သေချာစွာ သန့်စင်ဆေးကြောရန်တို့ ပါရှိပါသည်။

အဆိုပါအချက်များကိုလိုက်နာခြင်းဖြင့် ဘေးအန္တရာယ်ရှိသော အဏုဇီဝပိုးမွှားများနှင့် ဓာတု ပစ္စည်းများသည် အလုပ်လုပ်ကိုင်ကြသူများ၊ တိရစ္ဆာန်များနှင့် အပင်အညစ်အကြေးများ၊ ထိခိုက်ထားသော ဒဏ်ရာအနာတရများ၌ တွေ့ရှိရခြင်း၊ ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသော အဏုဇီဝ ပိုးမွှားများသည် လက်များနှင့် ညစ်ပေနေသောအဝတ်အစားများမှတစ်ဆင့် ပြန့်နှံ့နိုင်ခြင်းတို့ကြောင့် မိမိ၏လက်ကို သေချာစွာ ဆေးကြောသန့်စင်ခြင်းနှင့် အဝတ်များကို လဲလှယ်ပေးခြင်းဖြင့် ညစ်ပေမှုများနှင့် ရောဂါပြန့်ပွားမှုများကို ကာကွယ်နိုင်ပြီး ဖျားနာမှုများကိုလည်း လျှော့ချပေးနိုင်သောကြောင့် လိုက်နာလုပ်ဆောင်ရမည်ဖြစ်ပါသည်။

**(၂) ငါးမွေးကန်နေရာပတ်ဝန်းကျင်ကို သန့်ရှင်းရေးလုပ်ဆောင်ခြင်း၊**

- ကြက်၊ ဘဲ၊ ဝက်၊ နွား စသည့် မွေးမြူရေးတိရစ္ဆာန်များနှင့် အိမ်သာများကို ငါးမွေးမြူကန်များနှင့် ဝေးကွာသည့်နေရာ၌ ထားရှိရန်။
- သတ္တုဓာတ်ပစ္စည်းများ၊ အခြားသော ငါးမွေးမြူရေးသုံး ဓာတုဆေးဝါးများနှင့် ဘေးအန္တရာယ်ရှိ သော အဏုဇီဝပိုးမွှားများနှင့် ထိတွေ့ညစ်ညမ်းစေရန် အခွင့်သာမှု အနိမ့်ဆုံးဖြစ်စေနိုင် သည့်နေရာများကို ငါးမွေးမြူကန် တည်ဆောက်မည့် နေရာ ရွေးချယ်ရန်။
- ငါးမွေးကန်အနီးတစ်ဝိုက်တွင် မသုံးတော့သည့် စက်ပစ္စည်းကိရိယာအဟောင်းများ၊ အမှိုက်သရိုက်နှင့် ဓာတုပစ္စည်းများထည့်သည့် ပုံးများ၊ ပေါင်းပင်၊ မြက်ပင်များကို ဖယ်ရှားသန့်ရှင်း ရန်။
- ငါးမွေးမြူကန်သို့ အခြားသော မွေးမြူရေးတိရစ္ဆာန်များဖြစ်သည့် ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ ကျွဲ၊ နွားများ မလာရောက်နိုင်ရန် ကာကွယ်သည့်အနေဖြင့် သီးခြားနေရာတစ်ခုတွင် ထိန်းသိမ်းထားရှိမွေးမြူရန်။

လူများနှင့် တိရစ္ဆာန်များ၏ မစင်အညစ်အကြေးများရှိ ဘေးအန္တရာယ်ရှိသော အဏုဇီဝပိုးမွှား များသည် မြေကြီး၊ ရေနေသတ္တဝါများနှင့် ငါးများကိုလည်း ထိတွေ့ညစ်ညမ်းစေနိုင်ပါသည်။ မြေကြီး ထဲရှိသော သတ္တုဓာတ်ပစ္စည်းများနှင့် အခြားသော ဓာတုပစ္စည်းများသည် မွေးမြူထားသော ငါးများ (သို့မဟုတ်) ၎င်းငါးများကို စားသုံးသည့်လူများကို မကျန်းမာခြင်းဖြစ်စေနိုင်ခြင်းတို့ကြောင့် အထက်ပါ အချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ညစ်ညမ်းမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

**(၃) ရေအရည်အသွေးကောင်းမွန်စေရန် ပြုပြင်စီမံခြင်း၊**

- သတ္တုဓာတ်ပစ္စည်းများ၊ အခြားသော ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသော အဏုဇီဝပိုးမွှားများနှင့် ထိတွေ့ညစ်ညမ်းမှု မဖြစ်စေရန်အတွက် ညစ်ညမ်းမှုအနည်းဆုံးဖြစ်စေနိုင်သော ရေအရင်းအမြစ်ရရှိနိုင်မည့်နေရာကို ရွေးချယ်ရန်။
- ငါးမွေးမြူကန်အတွင်းသို့ အခြားလူများနှင့် တိရစ္ဆာန်များ (ငါးမွေးကန်ပေါ်မှ ဖြတ်သန်း ပျံသန်းသွားနိုင်သော တိရစ္ဆာန်များနှင့် ငါးမွေးကန်အတွင်း ဝင်ရောက်ကူးခတ်သွားနိုင် သော ငှန်း၊ ဘဲများနှင့် အိမ်မွေးတိရစ္ဆာန်များ အပါအဝင်) ဝင်ရောက်ခြင်းမှ ကာကွယ်ရန်။
- ငါးမွေးမြူကန်နှင့် ခပ်ဝေးဝေးနေရာ၌အိမ်မှ စွန့်ပစ်ပစ္စည်းများဖြစ်သည့် အမှိုက်သရိုက် များ၊ အစားကြွင်း/ကျန်များနှင့် မစင်အညစ်အကြေးများကို ဖယ်ရှားရှင်းလင်းရန်။
- ငါးမွေးကန်အပေါ်၌ တိရစ္ဆာန်များ ခြံခတ်မွေးမြူခြင်းကို မပြုလုပ်ရန်။

သဘာဝဋက်များအပါအဝင် တိရစ္ဆာန်များနှင့် လူများ၏ မစင်အညစ်အကြေးများနှင့် ထုတ်လုပ် မှုလုပ်ငန်းများ လုပ်ဆောင်မှုများမှ ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသော အဏုဇီဝပိုးမွှားများ သည် ငါးမွေးမြူရေးတွင်အသုံးပြုသော ရေကို ညစ်ညမ်းစေနိုင်ပါသည်။ အဆိုပါ ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိစေနိုင်သော အဏုဇီဝပိုးမွှားများသည် ကန်ရေမှတစ်ဆင့် မွေးမြူထားသော ငါးများကို မကျန်းမာဖြစ်စေခြင်း (သို့မဟုတ်) မွေးမြူထားသည့် ငါးများ၏ အသားများကို ညစ်ညမ်းစေခြင်း ကြောင့်ဖြစ်ပါသည်။

**(၄)မွေးမြူထားသောငါးများ ကျန်းမာအောင်ထိန်းသိမ်း မွေးမြူခြင်း၊**

- အသိအမှတ်ပြုလက်မှတ်ရရှိထားသော ငါးသားဖောက်ရုံ (သို့မဟုတ်) စိတ်ချယုံကြည်ရသော ငါးသားပေါက်များ ရောင်းချသူထံမှ ဝယ်ယူသည့် ကျန်းမာသန်စွမ်းသော ငါးသားပေါက်များကို သင့်တော်သောငါးသားပေါက် ထည့်သွင်းနှုန်းဖြင့် ထည့်သွင်းမွေးမြူရန်။
- အသားတိုးမွေးမြူရာ၌ သင့်တော်သော ငါး အရေအတွက်ပမာဏ ထည့်သွင်းမွေးမြူရန်။
- ကျန်းမာရေးမကောင်းသော ငါးများနှင့် ငါးသေများကို နေ့စဉ် ဖယ်ရှားရှင်းလင်းရန်။
- ငါးကျန်းမာရေးထိန်းသိမ်းထားရန်အတွက် အတည်ပြုခြင်းမရှိသော ဓာတုပစ္စည်းများ အသုံးပြုခြင်းကို ရှောင်ရှားရန်။

ကျန်းမာသောငါးများဖြစ်ရန် ကျန်းမာသန်စွမ်းသောငါးသားပေါက်များ၊ သင့်တော်သော ငါးသားပေါက် အရေအတွက် ထည့်သွင်းမွေးမြူခြင်းနှင့် မွေးမြူထားသောငါးများ စိတ်ဖိစီးခြင်း၊ ရောဂါ ကျရောက်ခြင်း မဖြစ်စေရန် စီမံခန့်ခွဲခြင်းအပါအဝင် ငါးသားပေါက်များ ထည့်သွင်းပြီးနောက် ကောင်းမွန်သော စီမံခန့်ခွဲမှုကျင့်စဉ်များဖြင့် ပြုစုမွေးမြူရပါမည်။ ငါးမွေးမြူကန်အတွင်းသို ဓာတုပစ္စည်းများ ထည့်သွင်းခြင်းသည် ငါးများကို ဘေးအန္တရာယ်ဖြစ်စေနိုင်ခြင်း၊ ရောဂါပြဿနာများကို ဖုံးကွယ်ထား ခြင်းနှင့် ငါးစားသုံးသူများအတွက် အန္တရာယ်မကင်းသော ငါးအသားများ၌ ဘေးဖြစ်စေနိုင်သည့် ဓာတ်ကြွင်းများရှိနေမှုကို ချန်လှပ်ထားမှုများ ဖြစ်စေနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

**(၅) မွေးမြူထားသောငါးများ ပြန်လည်ဖမ်းဆီးရာ၌ အသုံးပြုသောပစ္စည်းကိရိယာများနှင့် ထည့်သွင်းသောပုံးများကို သန့်စင်ဆေးကြောပြီးအသုံးပြုရန်**

- ငါးများဖမ်းဆီးရာ၌ အသုံးပြုမည့်ပုံးများ၊ ခြင်းများနှင့် အသုံးအဆောင် ပစ္စည်းကိရိယာများ ကို သန့်စင်သောရေဖြင့် ဆေးကြောရန်။
- ငါးများကို နံနက်စောစော ဖမ်းဆီးပြီး အရှင် (သို့မဟုတ်) လျင်မြန်စွာအေးခဲ၍ သယ်ယူ ပို့ဆောင်ရန်။
- ဖမ်းဆီးပြီးသောငါးများကို ဆေးကြောသန့်စင်ရာ၌ သန့်စင်သောရေဖြင့် အသုံးပြုရန်။
- လေများစိမ့်မဝင်နိုင်သော သန့်ရှင်းသည့် အအေးပုံးများဖြင့် ဖမ်းဆီးထားသော ငါးများ ထည့်သွင်းသိမ်းဆည်းရန်။

မွေးမြူထားသောငါးများ ပြန်လည်ဖမ်းဆီးရာတွင် ငါးများသည် ဖျားနာနေသည့် အလုပ်သမားများ (သို့မဟုတ်) မသန့်ရှင်းသော ရေ၊ ရေခဲ၊ လက်များ၊ ဖမ်းဆီးအသုံးပြုသည့် ကိရိယာပစ္စည်းများ ဖြစ်သည့် ငါးဖမ်းပိုက်၊ ခြင်းတောင်း၊ အိတ်များနှင့် ရေခဲပုံးများ(ကွန်တိန်နာ)နှင့်ထိတွေ့ပါက ညစ်ညမ်းခြင်းဖြစ်နိုင်ပါသည်။ အသုံးပြုသော ပုံး/ကွန်တိန်နာများသည် မျက်နှာပြင်ချောမွေ့ခြင်း၊ အဏုဇီဝပိုးမွှားများပေါက်ပွားနိုင်မည့်နေရာအနည်းဆုံး ဖြစ်စေရပါမည်။ ထိုလွယ်ကူရိုးရှင်းသော ကောင်းမွန်သော ရေသတ္တဝါမွေးမြူနည်းစနစ်များကို ငါးမွေးတောင်သူများအနေဖြင့် လွယ်ကူစွာ လိုက်နာဆောင်ရွက်နိုင်ပါသည်။

အထက်ပါအချက်များကို လိုက်နာဆောင်ရွက်ခြင်းသည် အစပိုင်းတွင် ခက်ခဲသည်ဟု ထင်မြင်ရသော်လည်း လိုက်နာဆောင်ရွက်နေချိန်တွင် အလေ့အထဖြစ်လာပြီး ကောင်းမွန်သည့် ပတ်ဝန်းကျင် တစ်ခုနှင့် အလေ့အကျင့်ကောင်းတစ်ခုကို ရရှိနိုင်မည်ဖြစ်သကဲ့သို့ ပြည်သူလူထုအတွက်လည်း ငွေကြေးကုန်ကျမှုနည်းပြီး ဘေးကင်းလုံခြုံသည့် ငါးရိက္ခာကို ဖူလုံစွာရရှိနိုင် မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အလွယ်တကူရိုးရှင်းလွယ်ကူသည့်နည်းလမ်းများဖြင့် ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ငါးမွေးတောင်သူများအနေဖြင့် ကျန်းမာ သန့်ရှင်းသော ရေထွက်ကုန်ပစ္စည်းများကို တိုးချဲ့ထုတ်လုပ်နိုင်ရန် တိုက်တွန်းလိုက်ရပါသည်။

**T.T.A.(မွေးသု)**

ကျမ်းကိုးစာရင်း

1.2015 Guidelines on ASEAN Good Aquaculture Practices for Food fish.
2.WHO-2016 Five keys to safer Aquaculture products protect public health.
3.2020 DoF and MYSAP National Good Aquaculture Practices Training Manual.

# ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်ဖြင့် ရိုးရှင်းလွယ်ကူစွာ ဆောင်ရွက်နိုင်သော နည်းလမ်းများ

T.T.A.(မွေးသု)



မြန်မာနိုင်ငံသည် အရှည် ၂၈၃၂ ကီလိုမီတာ ရှည်လျားသည့်ကမ်းရိုးတန်း၊ မြစ်ကြီး(၄)စင်း၊ ချောင်းများ၊ အင်းအိုင်များ ပေါများစွာတည်ရှိပြီး သန့်ရှင်းသည့် ရေချိုရေငန်အရင်းအမြစ် ပေါများစွာရှိ နေပါသည်။ ထို့ကြောင့် ရေချို/ရေငန်ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့၊ ကင်းမွန်၊ ကျောက်ငါး၊ ကျောက်ပုစွန် စသည့် ဈေးကွက်ဝင်သည့် ရေထွက်ကုန်များမှာ အမယ်စုံထွက်ရှိသည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။ ဒေသအလိုက်ဖမ်းဆီးရေးမှရရှိသည့် ရေထွက်ကုန်များ၊ မွေးမြူရေးမှရရှိသည့် ရေထွက်ကုန်များနှင့် အသင့်စားရေထွက်ကုန်များကို နှစ်စဉ်တိုးတက် ထုတ်လုပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

အထူးသဖြင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများတွင် ငါး/ပုစွန်/ကဏန်းမွေးမြူရေး လုပ်ငန်းများကို တိုးတက်ထုတ်လုပ်လျက်ရှိရာ တိုင်းဒေသကြီးပြည်နယ်များတွင် ၂၀၂၄-၂၀၂၅ ခုနှစ်အထိ အမှန်ထုတ်လုပ်လျက်ရှိယာမှာ ၄၇၁၁၉၅ ဒသမ ၂၀၁ ဧကရှိပြီး မွေးမြူရေး ငါး/ပုစွန် ထုတ်လုပ်မှု အနေဖြင့် ၂၀၂၄-၂၀၂၅ ထုတ်လုပ်မှုတွင် ၂၀၂၄ ခုနှစ် စက်တင်ဘာအထိ ပိဿာထောင်ပေါင်း ၃၁၅၁၉၀ ပိဿာ ထုတ်လုပ်ခဲ့ပါသည်။ ပြည်ပတင်ပို့မှုအနေဖြင့် ၅၁၀၉၁ ဒသမ ၀၀၄ မက်ထရစ်တန် တင်ပို့၍ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၄၉၃ သန်း ရရှိခဲ့ပါသည်။

ထိုသို့တင်ပို့နိုင်ရန်အတွက် အဓိက မွေးမြူထုတ်လုပ်လျက်ရှိသည့် ငါးမွေးတောင်သူများမှာ ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး တစ်နိုင်တစ်ပိုင်မွေးမြူထုတ်လုပ်ကြသူများမှ အများစုဖြစ်ပါ သည်။ ကျေးလက်နေပြည်သူများအနေဖြင့် ငါးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် မိရိုးဖလာ နည်းစနစ်များဖြင့်သာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရှိရပြီး ခေတ်မီတိုးတက်သည့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများတွင် သိပ္ပံနည်းကျ ခေတ်မီနည်းစနစ်များကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြပါသည်။ ရေသတ္တဝါမွေးမြူရေးလုပ်ငန်းကို FAO, WHO, SEAFDEC, အပါအဝင် EU, အာဆီယံနိုင်ငံများမှလက်ခံကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နည်းလမ်းတစ်ခုမှာ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် နည်းစနစ်ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ငါးမွေးတောင်သူများအပါအဝင် မွေးမြူသူအများစုမှာ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နည်းစနစ်သည် ခက်ခဲသော နည်းလမ်းဖြစ်သည်ဟု ထင်မှတ်မှားနေခြင်း၊ ငွေကုန်ကြေးကျများသည်ဟု ထင်မှတ်နေကြခြင်း၊ ထွက်ရှိလာသည့် ထုတ်ကုန်များကို ဈေးနှုန်း ပိုမိုရောင်းချ၍မရခြင်း၊ အချို့တစ်ပိုင်တစ်နိုင်မွေးမြူသူများသည် ရုံးဌာနများနှင့် ဆက်သွယ်ရန် စိုးရိမ်နေခြင်း၊ အသိအမှတ်ပြုလွှာကိုထား၍ လာရောက်စစ်ဆေးပါက မလိုလားအပ်သောပြဿနာ (မြေယာနှင့် အခြားလိုင်စင်ကိစ္စများ) ပေါ်ပေါက်မည်ကို စိုးရိမ်ကြခြင်းများရှိကြောင်းကို သင်တန်းပို့ချခဲ့ စဉ် မေးမြန်းမှုများအပေါ် ရှင်းလင်းပြောကြားခဲ့ရသည်များ ရှိပါသည်။ စိုးရိမ်မှုများကြောင့် မလုပ်ဘဲ နေပါက မိမိတို့ထုတ်လုပ်သည့် ရေထွက်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ရောက်ရှိရန် အခက်အခဲ ရှိနိုင်ပါသည်။

ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်ကို အကျယ်တဝင့်သိရှိရန် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်လျက်ရှိသည့် ငါးလုပ်ငန်းဦးစီးဌာနမှလည်း ငါးမွေးတောင်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် အသိပညာပေး ပိုစတာစိုက်ထူခြင်း၊ သင်တန်း ပို့ချခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာသို့တင်ပို့သည့် ရေထွက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရန် လိုအပ်သလို မိမိ နိုင်ငံတွင် စားသုံးသည့်ပြည်သူများသည်လည်း ရေထွက်ကုန်များ၏ အန္တရာယ်ကင်းရှင်းရန် အဓိက လိုအပ်ပါသည်။ သို့မှသာ မိမိနိုင်ငံသူနိုင်ငံသားများအနေဖြင့် ရောဂါကင်းရှင်း ကျန်းမာစွာဖြင့် သက်တမ်းစေ့ အသက်ရှည်ရှည် နေထိုင်နိုင်မည်ဖြစ်ပါသည်။ ဘေးအန္တရာယ်ရှိသော ထုတ်ကုန်များကို စားသုံးမိပါက အော့အန်ခြင်း၊ ဝမ်းသွားခြင်း၊ မူးဝေခြင်း၊ ဖျားနာခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ခေါင်းမူးခေါင်းကိုက်ခြင်းနှင့် ရေရှည်စားသုံးပါက နာတာရှည်ရောဂါများ ခံစားရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငွေကုန်ကြေးကျမများဘဲ လွယ်ကူရိုးရှင်းသောနည်းလမ်းများဖြင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူခြင်းနည်းစနစ်ဖြင့် ဆောင်ရွက်နိုင်ပါသည်။

မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများတွင် လိုက်နာကျင့်သုံးလျက်ရှိသည့် မူဝါဒ(၄)ရပ်တွင် (၁) အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ (၂) ပတ်ဝန်းကျင်ရေရှည်တည်တံ့စေရေး၊ (၃) ငါးကျန်းမာရေးနှင့် (၄) ဖူလုံရေး စသည့်မူဝါဒ (၄)ချက် ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်၏ အဓိကလုပ်ငန်းစဉ်များမှာ (၁) လုပ်ငန်းတည် နေရာ၊ (၂) မျိုးစိတ်များ ရွေးချယ်ခြင်းနှင့် ထိန်းသိမ်းမွေးမြူခြင်း၊ (၃) သန့်ရှင်းကျန်းမာခြင်းနှင့် ရောဂါ ပိုးမွှားကင်းစင်ခြင်း၊ (၄) ရေသုံးစွဲမှုနှင့် စီမံခန့်ခွဲမှု၊ (၅) ငါးစာစီမံခန့်ခွဲမှု၊ (၆) ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါစီမံခန့်ခွဲမှု၊ (၇) ဓာတုပစ္စည်းများနှင့် တိရစ္ဆာန်သုံးမွေးမြူရေးဆိုင်ရာဆေးဝါးများ စီမံခန့်ခွဲ မှု၊ (၈) မွေးကန်ဖော်ခြင်းနှင့် မွေးကန်ဖော်ပြီးသည့်နောက်ပိုင်း စီမံခန့်ခွဲမှု၊ (၉) အလုပ်သမားများနှင့် လူမှုအသိုင်းအဝိုင်း၊ (၁၀) ရာသီဥတုပြောင်းလဲမှုနှင့် ပြင်းထန်သောမိုးလေဝသအခြေအနေများ၊ (၁၁) ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှု စသည့်အချက်များ ပါဝင်သော်လည်း ခြုံငုံကြည့်ပါက WHO မှ ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့်တူညီကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်ဖြင့် ဆောင်ရွက်နိုင်ရန် WHO မှ ထုတ်ပြန်ထားသည့် အများပြည်သူကျန်းမာရေးကာကွယ်ရန် မွေးမြူရေးရေထွက်ကုန်များ အစားအစာဘေးအန္တရာယ်ကင်းရေး လိုက်နာရမည့် အရေးကြီးသော အခြေခံကျသည့်အချက် (၅) ချက်သည် မွေးမြူရေးလုပ်ကိုင်သူတိုင်း လွယ်လင့်တကူ လိုက်နာဆောင်ရွက်နိုင်ပြီး ငွေကြေးကုန်ကျမှုနည်းပါးသည့် နည်းလမ်း ဖြစ်ပါသည်။

ယခု အဆိုပါလိုက်နာဆောင်ရွက်နိုင်သည့် နည်းလမ်းများကို အောက်ပါအတိုင်း ရှင်းလင်း တင်ပြအပ်ပါ

စာ-၁၅ သို့